မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၂၃)

နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ စီမံဆောင်ရွက်ပေးထားမှုများအပေါ် နားလည်မှုရှိရှိဖြင့် မိမိဒေသ၊ မိမိရပ်ရွာ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်။

နိုင်ငံတော်၏ဒေသအသီးသီးကွက်လပ်မကျန် မျှမျှတတဖွံ့ဖြိုးတိုးတက်ရေးစီမံဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတော်ကဦးစီးဦးဆောင်ပြုဆောင်ရွက်မှုများကြောင့် ပြည်နယ်နှင့်တိုင်းအသီးသီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာ

ရွာကိုရွာနှင့်တူအောင်၊ မြို့ကိုမြို့နှင့်တူအောင်၊ ကျန်းမာရေးနှင့်ညီညွတ်အောင် တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်

ကြက်ဆူပင်စိုက်ပျိုးရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုအဖြစ် ခံယူလုပ်ကိုင်

ရန်ကုန် ဇန်နဝါရီ ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇန်နဝါရီ၂၇ရက်တွင် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်မြို့သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည်ငွေဆောင်ကမ်းခြေဟိုတယ်ရှိ တည်းခိုဆောင်များနှင့် ဟိုတယ်သာယာလှပရေး ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ရှင်းလင်းပြသကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပုသိမ်မြို့နယ် ငွေဆောင်မြို့ ရှောက်ချောင်းကျေးရွာ၌ ကြက်ဆူဆီဖြင့် မီးစက်၊အင်ဂျင်စက်တို့ မောင်းနှင်အသုံးချနိုင်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ရေရရှိရေးစီမံကိန်းများ ဆောလျင်စွာပြီးစီးရေး ကြိုးပမ်း ဒေသစိမ်းလန်းစိုပြည်ရေး သစ်ပင်များတိုးချဲ့စိုက်ပျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီလ၂၇ရက်နေ့က မကွေးတိုင်းနှင့် မန္တလေးတိုင်းသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရေရရှိရေးစီမံကိန်းများနှင့် သစ်တောစိုက်ခင်းများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

မကွေးတိုင်း ချောက်မြို့နယ် ရွှေပုံတောင်ဘုရားအနီးရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေး တမာစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက–

နိုင်ငံတော် အကြီးအကဲက လမ်းညွှန်ထားသည့်အတိုင်း တမာပင်၊ ကြက်ဆူပင်နှင့် ဒေသတွင် စိုက်ပျိုးဖြစ်ထွန်းမည့် အခြားသစ်ပင်များ ရွေးချယ်စိုက်ပျိုးရန်နှင့် မြေအစိုဓာတ် ရရှိပြီး စိမ်းလန်းစိုပြည်လာသည်နှင့် တစ်ပြိုင်နက် အမြဲစိမ်းသစ်ပင်များ ဆက်လက်စိုက်ပျိုးရန်

တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းအရ မြစ်ရေတင်စနစ်ဖြင့် တမာကြီးပင်နှင့် အခြားအပင်များ ဧက ၁၆၀၀စိုက်ပျိုးထားရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဧက ၃၀၀၀ပြည့်အောင် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

မြကန်၏ ရေဝေရေလဲဒေသ ဖြစ်သည့် ညောင်ဦးမြို့နယ် တုရင်တောင်တန်းသည် စွယ်တော်တောင်၊ သက်စိုးတောင်၊ သိကြားတောင်၊ ပိုက်လှမ်းတောင်နှင့် ကန်ကြီးကုန်းတောင်တို့ပါဝင်ပြီး စုစုပေါင်းဧက ၂၇၆၀ကျယ်ဝန်းသည်။ တုရင်တောင်ဒေသ၌ တမာ၊ ထနောင်း၊ ရှား၊ ဆူးဖြူ၊ ကန္တာစိမ်းစသည့် သဘာဝပေါက်ပင်များဖြင့် သဘာဝတောများကို ထိန်းသိမ်းထားရှိသည်။ သစ်တောစိုက်ခင်းအဖြစ် ဧက၁၃၀၀စိုက်ပျိုးထားသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် မြကန်ရေဝေရေလဲဧရိယာ၌ စိုက်ခင်းဧကပေါင်း ၄၂၀၀ကျော်၊ အပင်ပေါင်း ၉၈၈၀၀၀ကျော် စိုက်ပျိုးပြီးစီးကြောင်းသိရသည်။

မကွေးတိုင်းပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် ကြီးအုံ–ကြီးဝတမံသည် ဇုန်တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၆၄ပေ၊ ပင်မတမံပေ ၃၂၈၀၊ ကန်ပြည့်ရေလှောင်ပမာဏ ဧကပေ ၄၆၃၀၀၀၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ဧက၁၀၈၆၀ရှိပြီး တမံစီမံကိန်းပြီးစီးပါက မဲဇလီရေလှောင်တမံမှတစ်ဆင့် စိုက်ပျိုးမြေ ၉၆၇၇၇ဧကနှင့် သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ဧကကိုလည်း စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။ ဆက်စပ်တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်လုပ်ငန်းမှ နှစ်စဉ်ပျမ်းမျှဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၃၃၀ကို ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

ဖူးရွာရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံ အထက်ဘက် ၁၃မိုင်ခန့်အကွာ ဖူးရွာအနီး မုန်းချောင်းအပေါ်၌တည်ဆောက်ထားပြီး မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံ အမြင့်၂၄၃ပေ၊ အလျားပေ ၆၀၄၀ ရှိ၍ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ဧက၈၇၃၀ဖြစ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်ပေးမည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၂၀ထုတ်လုပ်နိုင်မည့်အပြင် မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံ–ကြီးဝတမံ တို့ကို ရေကူအားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

တောင်သာမြို့နယ်ရှိ ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီမြစ်မှရေကိုစုပ်တင်၍ ကျောဇီဒေသရှိ စပါးဧက ၄၀၀၀၊ ဝါဧက၁၀၀၀နှင့်အခြားဆီထွက်သီးနှံဧက ၃၀၀၀စုစုပေါင်း ဧက၈၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေပေးဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးရေပေးဝေရေးနှင့် ရေအားလျှပ်စစ် ထုတ်လုပ်မှုတွဲဖက်ထားသော ဘက်စုံရေလှောင်တမံ စီမံကိန်းများတွင် သီးနှံစိုက်ဧကအား တိုးတက်စေရေးဆောင်ရွက်ရန်၊ ရေအားလျှပ်စစ်လုပ်ငန်းအတွက်လည်း ရေအလျဉ်မပြတ်စေရေးရည်မှန်းပြီး အထိရောက်ဆုံး သီးနှံစိုက်ပျိုးမှု အစီအစဉ်ဖြင့် ရေပေးဝေမှုကို စနစ်တကျ ရွေးချယ်စီစဉ်ဆောင်ရွက်ရန်နှင့် ချမှတ်ထားသည့် သီးနှံစိုက်ပျိုးမှုအစီအစဉ်အတိုင်း တစ်ခွင်တစ်ပြင်လုံး တစ်ဆက်တစ်စပ်တည်း ညီညီညွတ်ညွတ် စိုက်ပျိုးရေးအတွက် တောင်သူလယ်သမားများကို စည်းရုံးဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်မှ အကောင်အထည်ဖော်လျက်ရှိသည့် ရေရရှိရေး စီမံကိန်းများဆောလျင်စွာ ပြီးစီးသည်နှင့်အမျှ ပြည်သူများအကျိုးကျေးဇူး အမြန်ဆုံး ရရှိခံစားရမည်ဖြစ်သဖြင့် တာဝန်ရှိသူများ အနေဖြင့် လုပ်ငန်းများ သတ်မှတ်ချိန်အမီ စံချိန်စံညွှန်းပြည့်မီစွာပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃၁–၁–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၈။ ပညာခေတ်
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း–၇)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း–၄)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လားရှိုးမြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီးစီးမှု တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်သည် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၆ရက် ညနေပိုင်းက လားရှိုးမြို့အကွက် အမှတ်(၁)ကုန်းမြင့်ယာမြေဧက၁၀၀၀မျိုးစေ့ထုတ်ဇုန်အတွင်းရှိ ကြက်ဆူပင် ပျိုးဥယျာဉ်ခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးသည် ဧက ၁၀၀၀မျိုးစေ့ထုတ်ဇုန်အတွင်း နှစ်တို နာနတ်ပင်တစ်သိန်းနှင့် ကြက်ဆူပင် လေးသောင်း စံပြသီးညှပ်စိုက်ခင်းသို့ လည်းကောင်း၊ ဆင်းရွှေလီအထွက်ကောင်း ကြံစံပြဧက၃၀စိုက်ခင်းနှင့် သီးညှပ်အဖြစ် စိုက်ပျိုးထားသော ကြက်ဆူကိုင်းပျိုးပင်များ အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် နားဖကျေးရွာအနီး အမှတ်(၃)ကုန်းမြင့်ယာမြေ ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြဧက ၁၀၀၀စိုက်ခင်းပျိုးပေါင်များနှင့် ပျိုးထုပ်များအခြေအနေနှင့် ကြက်ဆူပင်ဧက၁၀၀ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနိုင်ရေးမြေယာဖော်ထုတ်နေမှု၊ ကြက်ဆူကိုင်းပျိုးပင် စနစ်တကျ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ရန်အောင်မြင်တပ်ဦးစေတီ တော်အနီး တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြဧက၁၀၀ စိုက်ခင်းအတွင်းရှိ ကြက်ဆူစံပြပျိုးဥယျာဉ် သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်နိုင်ငံအကြား ဘတ်စ်ကားဖြင့် ခရီးသွားရန် ထိုင်းနှင့် လာအိုနှစ်နိုင်ငံ သဘောတူညီမှုရရှိ

ဗန်ကောက် ဇန်နဝါရီ ၃၀

နှစ်နိုင်ငံခရီးသွားလုပ်ငန်းနှင့် နယ်ခြားဖြတ်ကျော်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် ထိုင်းနိုင်ငံ မြောက်ပိုင်း ယူဘွန်ရက်ချာသာနီမြို့နှင့် လာအိုနိုင်ငံတောင်ပိုင်း ချမ်ဖက်ဆက်ပြည်နယ်ရှိ ဖက်ခ်စီမြို့တို့အကြား ဘတ်စ်ကားဖြင့် ခရီးသွားလုပ်ငန်း စတင်ရန်အတွက် နှစ်နိုင်ငံသဘောတူညီခဲ့ကြကြောင်း ဗန်ကောက်ပို့စ်သတင်းစာ တွင် ဇန်နဝါရီ ၂၇ရက်က ဖော်ပြထားသည်။

ယင်းသဘောတူညီမှုကို ထရုတ်ပြည်နယ် အရှေ့ပိုင်းတွင် ကျင်းပခဲ့သည့် ထိုင်း–လာအို နှစ်နိုင်ငံ အစည်းအဝေးပိတ်ပွဲနေ့တွင် အတည်ပြုခဲ့ကြပြီး ဘတ်စ်ကားဖြင့် ခရီးသွားလုပ်ငန်းကို နောက်လတွင် စတင်မည်ဖြစ်သည်။

၎င်းဘတ်စ်ကားဖြင့် ခရီးသွားလုပ်ငန်းသည် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးဖြစ်ထွန်းလိမ့်မည်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

ပြေးဆွဲ

လွန်ခဲ့သော နှစ်နှစ်ကျော်က ထိုင်းနိုင်ငံ ယူဒွန်သာနီ၊ နွမ်ကိုင်းနှင့် လာအိုနိုင်ငံ ဗီယင်ကျိန်းမြို့တို့အကြား ဘတ်စ်ကားပြေးဆွဲခဲ့ပြီး ယခုဘတ်စ်ကားလိုင်းသည် ဒုတိယမြောက် ပြေးဆွဲခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဇန်နဝါရီ ၂၉ ရက်အထိ ၂၂၄၁ ဦးရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၃၀

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယခုနှစ် ဇန်နဝါရီ၂၉ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၂၄၁ ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ယင်းတို့အနက် ၁၇၅၄မှာ ရန်လိုသောတိုက်ခိုက်မှုကြောင့်သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။

အီရတ်၌သေဆုံးသော အခြားတပ်ဖွဲ့ဝင်အရေအတွက်မှာ ဗြိတိသျှ တပ်ဖွဲ့ဝင် ၉၈ဦး၊ အီတလီ၂၇ဦး၊ ယူကရိန်း၁၈ဦး၊ ပိုလန်၁၇ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန်၁၁ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန် နှစ်ဦးစီ၊ ဒိန်းမတ်၊အယ်လ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီး ယား တစ်ဦးစီသေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မြို့ပြစည်ပင်သာယာဖွံ့ဖြိုးရေးလုပ်ငန်းများသာမက ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးလက်လမ်းများကောင်းမွန်ရေး၊ ကျေးလက်ရေရရှိရေး လုပ်ကိုင်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ငွေဆောင်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

✡ **ရွှေဖုံးမှ**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းတွင် ငွေဆောင်-ဆင်မ-ငရုတ်ကောင်း ကားလမ်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

တက်ရောက်အားပေးချီးမြှင့်

ထို့နောက် ငွေဆောင်မြို့ ရှောက်ချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ရှောက်ချောင်းကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးကိုင်းများ ပျိုးထောင်ခြင်းနှင့် စိုက်ပျိုးခြင်းအခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်ကြသည်။

ယင်းအခမ်းအနားသို့ ရောက်ရှိရာတွင် ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စောင့်ကြိုနေသော ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင်၏ အသုံးဝင်ပုံများကို ပြည်သူများသိရှိလာပြီး စနစ်တကျစိုက်ပျိုးရန် စိတ်အားထက်သန်နေမှု၊ ငွေဆောင်ကို မြို့အဆင့်သို့ တိုးမြှင့်ပေးပြီးနောက် ပတ်ဝန်းကျင်ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမှု၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

(၁၆)ခုတင်ဆံ့ဆေးရုံ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ငွေဆောင်မြို့ (၁၆)ခုတင်ဆံ့ဆေးရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖြည့်စွက်ရှင်းလင်း

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ခြံစည်းရိုးကြက်ဆူပင် လွယ်လင့်တကူစိုက်ပျိုးနည်းကို ပြည်သူများ သိရှိဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကျေးလက်ဒေသများ၌ တယ်လီဖုန်းဆက်သွယ်ပြောဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျေးလက်ဒေသပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးခြင်းလုပ်ငန်းများကိုလည်းကောင်း ဒေသခံပြည်သူများကို ဖြည့်စွက် ရှင်းလင်းပြောကြားကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားပြီး သစ်ပင်မှ ဇီဝလောင်စာရရှိသည့် ကြက်ဆူပင်စိုက်ပျိုးရေးကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုအဖြစ်ခံယူ၍ ဖိဖိစီးစီးလုပ်ကိုင်သွားကြရန် လမ်းညွှန်သည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပေး

ထို့နောက် အခမ်းအနားအစီအစဉ်အရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခြံစည်းရိုးကြက်ဆူပင်ကို ရှေးဦးစွာ စတင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရှောက်ချောင်းကျေးရွာအုပ်စုမှ ပြည်သူများ၏ ကြက်ဆူမျိုးစေ့၊ မျိုးကိုင်းပျိုးထောင်ခြင်းများ၊ ကြက်ဆူပင်စိုက်ပျိုးခြင်းများကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကြက်ဆူဆီဖြင့် မြင်းကောင်ရေ(၅၀)အားရှိ ထွန်စက်ကြီးကို မောင်းနှင်ပြသမှု၊ ကြက်ဆူဆီဖြင့် စပါးရိတ်စက်၊ လယ်ယာ(၁၆) လက်တွန်းထွန်စက်တို့ မောင်းနှင်အသုံးပြုနိုင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မီးစက်၊ ပဲ့ထောင်ရေယာဉ် အင်ဂျင်စက်၊ ရေစုပ်စက်တို့ကို ကြက်ဆူဆီဖြင့် အသုံးပြုနိုင်မှုပြသခြင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံများကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်ပေါက်များ၊ ဧရာဝတီတိုင်း၌ ပေါက်ရောက်သည့် ကြက်ဆူပင်များနှင့် ကြက်ဆူစေ့၊ ကြက်ဆူအဆန်၊ ကြက်ဆူဆီ၊ ကြက်ဆူပင်မျိုးကိုင်း စသည်တို့ကိုလည်းကောင်း၊ ကြက်ဆူပင်စိုက်ပျိုးခြင်းလုပ်ငန်းနှင့် ကြက်ဆူဆီ အသုံးပြုနိုင်မှုများ၏ မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ငွေဆောင်-ဆင်မလမ်းတစ်လျှောက်ရှိ ဂျိုင်လယ်၊ ကျောက်ဖျာနှင့် အုန်းတပင်ကုန်းကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်လာမှုများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုပြီး ဆင်မကျေးရွာသို့ရောက်ရှိကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဆင်မကျေးရွာ ယာယီရှင်းလင်းဆောင်၌ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ငွေဆောင်-ဆင်မ-ငရုတ်ကောင်း ကားလမ်းတစ်လျှောက်ကျေးရွာများဖွံ့ဖြိုးတိုးတက်မှုကို ပဏာမရှင်းလင်းတင်ပြပြီး ငွေဆောင်-ဆင်မကားလမ်းမှာ ၁၃ မိုင်နှင့် ဆင်မ-ငရုတ်ကောင်း ကားလမ်းမှာ ၁၉ မိုင်ရှိပါကြောင်း၊ ငွေဆောင်-ဆင်မ-ငရုတ်ကောင်း ကားလမ်းမှာ နွေရာသီနှင့် ဆောင်းရာသီတို့တွင် ကောင်းမွန်စွာဆက်သွယ်သွားလာနိုင်သည့်လမ်းဖြစ်ပါကြောင်း၊ ဆင်မကျေးရွာအနီး၌ အရှည်ပေ ၁၅၀၊ အကျယ် ၁၂ ပေရှိမည့် ဆင်မတံတားကို တည်ဆောက်လျက်ရှိပါကြောင်း၊ တံတားတည်ဆောက်မှုလုပ်ငန်းများကို မတ်လကုန်တွင်ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

တာဝန်ယူဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေးကို သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များက စီမံချက်ချပြီး နှစ်အလိုက် လုပ်ကိုင်ဆောင်ရွက်သွားရန် တာဝန်ရှိကြောင်း၊ ဤငွေဆောင်-ဆင်မ-ငရုတ်ကောင်းလမ်းကိုလည်း စည်ပင်သာယာရေးအဖွဲ့ကပင် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တိုးတက်ကောင်းမွန်အောင် တာဝန်ယူဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးအဖွဲ့များသည် ယခင် မြူနီစီပယ်လုပ်ငန်းများဖြစ်သည့် မြို့ပြစည်ပင်သာယာဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာမက ယခင် ဒီစကြိတ်ကောင်စီလုပ်ငန်းဖြစ်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ကျေးလက်လမ်းများ ကောင်းမွန်ရေး၊ ကျေးလက်ရေရရှိရေးတို့ကိုပါ လုပ်ကိုင်ဆောင်ရွက်ရမှာဖြစ်ကြောင်း။

ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ယခုထက် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စည်ပင်သာယာရေးအဖွဲ့များ၏ အခန်းကဏ္ဍကို ပေါ်လွင်အောင် မြှင့်တင်သွားရမှာဖြစ်ကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ငွေဆောင်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ဒေသဖွံ့ဖြိုးတိုးတက်မှုရှင်းလင်း

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဌာနအလိုက် တာဝန်ရှိသူများက ငွေဆောင်မြို့အကျယ်အဝန်း၊ ရပ်ကွက်၊ ကျေးရွာများ ဖွဲ့စည်းထားမှု၊ လူဦးရေ၊ ဒေသခံပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ၊ ရပ်ရွာအေးချမ်းသာယာမှုအခြေအနေများ၊ တရားဥပဒေစိုးမိုးမှုများ၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုနှင့် ဒေသဝမ်းစာ ဆန်ဖူလုံပိုလျှံမှုများ၊ အခြားသီးနှံစိုက်ပျိုးမှုများ၊ ငွေဆောင်မြို့နှင့် အခြားဒေသများသို့ တယ်လီဖုန်း လွယ်ကူစွာဆက်သွယ်နိုင်မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၄ ကော်လံ ၁

စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ယခုထက်ပိုမိုလုပ်ကိုင်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေတွင် ဟိုတယ်သာယာလှပရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ငွေဆောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို လမ်းညွှန်ပြီး နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်၏ ဒေသအသီးသီး ကွက်လပ်မကျန် မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်လာ

နိုင်ငံတော်က ယခုကဲ့သို့ ဦးစီးဦးဆောင်ပြုပြီး ဆောင်ရွက်မှုများကြောင့် ပြည်နယ်၊ တိုင်းဒေသအသီးသီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ ရွာကို ရွာနှင့်တူအောင်၊ မြို့ကို မြို့နှင့်တူအောင်၊ ကျန်းမာရေးနှင့် ညီညွတ်အောင် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ငွေဆောင်ဒေသသည် နယ်စပ်ဒေသမဟုတ်သော်လည်း ပင်လယ်ပြင်နှင့် ထိစပ်လျက်ရှိသည့်ဒေသဖြစ်သဖြင့် အုပ်ချုပ်မှုစနစ် ထိရောက်မှန်ကန်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာဒေသ အေးချမ်းလုံခြုံရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း စီးပွားတောင့်တင်းရေးတို့ကို အလေးထား၍ လုပ်ကိုင်နိုင်အောင် နိုင်ငံတော်အပိုင်းက စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်

နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ စီမံဆောင်ရွက်ပေးထားမှုများအပေါ် နားလည်မှုရှိရှိဖြင့် မိမိဒေသ၊ မိမိရပ်ရွာ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ထမ်းဆောင်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ငွေဆောင်မြို့ (၁၆)ခုတင်ဆံ့ဆေးရုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဆေးရုံဆောက်လုပ်ရေး တာဝန်ခံ ရောင်ခြည်ထွန်းတောက်ကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးတင်ရွှေ တို့က ၄၀ရာခိုင်နှုန်းပြီးစီးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားသည်။

တာဝန်ရှိသူများကကြိုဆို

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် Wood Land Co., Ltd. ၏ Bay of Bengal Resort သို့ ရောက်ရှိကြရာ ကုမ္ပဏီ ဒါရိုက်တာ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး Resort ဆောက်လုပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တည်းခိုဆောင်များ ဆောက်လုပ်နေမှု၊ Resort သာယာလှပအောင် ဆောင်ရွက်နေမှုနှင့် Resort အနီးရှိ ပင်လယ်ကမ်းခြေ၏ သာယာလှပမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် Aureum Palace Hotel-Resort သို့ ရောက်ရှိကြရာ ထူးထရိတ်ဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတေဇနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး Hotel-Resort ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများ၊ ပင်လယ်ကမ်းခြေ၏ သာယာလှပမှုများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ လာရောက် အပန်းဖြေသူများ စိတ်ချမ်းမြေ့မှုရရှိရေး စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် Hotel-Resort ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် Sunny Paradise Resort သို့ ရောက်ရှိကြရာ TMW Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်၊ ဇနီး ဒေါက်တာ ဝင်းမင်းသစ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ငွေဆောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရောဝတီတိုင်း အသင်းတွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ပုသိမ်ခရိုင်အသင်း၊ ပုသိမ်မြို့နယ်အသင်းနှင့် ငွေဆောင်မြို့မှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် Resort သာယာလှပရေး ဆောင်ရွက်ထားမှုများ၊ တည်းခိုခန်း ဖွဲ့စည်းထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အပန်းဖြေမှု ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် Myanmar Treasure Resort သို့ ရောက်ရှိကြရာ ထူးထရိတ်ဒင်း ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတေဇက Resort သို့ လာရောက် တည်းခိုအပန်းဖြေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မြန်မာ့ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှု၊ မြန်မာနိုင်ငံရှိ အပန်းဖြေစခန်းအသီးသီးသို့ ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာရောက်အပန်းဖြေကြမှု၊ ဟိုတယ်၊ မိုတယ်များ၏ အဆင့်အတန်းမြင့်မားလာမှုနှင့် ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်း၏ အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားသည်။ *စာမျက်နှာ ၅ ကော်လံ ၁*

ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေးကို သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များက စီမံချက်ချပြီး နှစ်အလိုက် လုပ်ကိုင်ဆောင်ရွက်သွားရန်တာဝန်ရှိ၊ ငွေဆောင်–ဆင်မ–ငရုတ်ကောင်း လမ်းကိုလည်း စည်ပင်သာယာရေးအဖွဲ့ကပင် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တိုးတက်ကောင်းမွန်အောင် တာဝန်ယူဆောင်ရွက်။

ခြံစည်းရိုးကြက်ဆူပင်၏ အသုံးဝင်ပုံများ

ပြည်သူများသိရှိလာပြီး စနစ်တကျစိုက်ပျိုးရန် စိတ်အားထက်သန်နေ

စာမျက်နှာ ၄ မှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် Myanmar Treasure Resort သာယာလှပရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် The Palm Beach Resort သို့ ရောက်ရှိကြရာ ဒဂုံအင်တာနေရှင်နယ်လီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဇနီး ဒေါက်တာ ဒေါ်မိုးမြမြနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး တည်းခိုခန်းများ ဖွဲ့စည်းတည်ဆောက်ထားမှု၊ ဟိုတယ်သာယာလှပရေး ဆောင်ရွက်ထားမှုများနှင့် ပင်လယ်လမ်းခြေ သာယာလှပရေးဆောင်ရွက်ထားမှုများကို ရှင်းလင်းပြသကြသည်။

ထို့နောက် Yuzana Resort Hotel သို့ ရောက်ရှိကြရာ ယုဇနကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဟိုတယ်ဧည့်ခန်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဟိုတယ်တည်ဆောက်ခဲ့မှုနှင့် ခရီးသည်များ လာရောက်အပန်းဖြေမှုများ၊ ငွေဆောင်ဒေသ၌ ပုစွန်မွေးမြူခြင်းလုပ်ငန်းဆောင်ရွက်မှု၊ ရော်ဘာစိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်မှုများ၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် တောရှင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး ယုဇနကုမ္ပဏီလီမိတက်၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် အတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဇန်နဝါရီ၂၉ရက်နံနက်ပိုင်းတွင် ငွေဆောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ ပုသိမ်ခရိုင်အသင်း၊ ပုသိမ်မြို့နယ်အသင်းနှင့် ငွေဆောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်းများက အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုရှင်းလင်းဆွေးနွေးမှာကြားကြပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့်ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ငွေဆောင်မြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဂြိုဟ်တုဆက်သွယ်ရေးစခန်းနှင့် စာတိုက်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။ **(သတင်းစဉ်)**

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုသိမ်မြို့နယ် ငွေဆောင်မြို့ ရှောက်ချောင်းကျေးရွာ၌ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ငွေဆောင်ကမ်းခြေရှိ Sunny Paradise Resort Hotel တွင် သာယာလှပရေး ဆောင်ရွက်ထားမှုများကို တွေ့ရစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁–၁–၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ယွန်းထည်အတတ်ပညာ
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	Sunday Talk
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	ပြည်တွင်းသတင်းအကျဉ်း
၈:၄၀	ဒါးကတံတား
၈:၅၀	ဂီတသံစဉ်အလှဆင်(နီနီဝင်းရွှေ)
၉:၁၀	စိတ်ဝင်စားစရာ ပုလဲရတနာ (အပိုင်း–၁)
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	ဝင်ငွေတိုး၍ဒေသဖွံ့ဖြိုးစေမည် ဆင်းရွှေလီ(အပိုင်း–၁)
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	သွေးကုသိုလ်
၁၀:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅	လိပ်ပုတ်သင်ညို (Big Headed Turtle)
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	မိဘမဲ့ကလေးများ ရန်ပုံငွေဈေးရောင်းပွဲတော်
၁၀:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၀	ဘောလုံးသမားဘက်ခမ်း
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ အပိုင်း(၂)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၁:၁၅	ပရီးမီးယားလိဂ်သုံးသပ်ချက် (ကျောက်ဘီလူးတင်မောင်ဆွေ၊နေမျိုးသူရ၊ပြည့်ဖြိုးဟန်)	5-Sports(Live)
၂:၁၀	Sunderland-Middlebrough	5-Movies(Live)
၂:၂၅	Fulham-Tottenham	5-Sports(Live)

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်ပညာရေးတက္ကသိုလ် ကောဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ရက်နံနက်၉နာရီက ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပရာ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ပြီး သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများ တက်ရောက် အပူဇော်ခံကြသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ဇော်၊ ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင်၊ ပါမောက္ခဌာနမှူးများနှင့် ဆရာဆရာမများ၊ မြတ်ဆရာ ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များ၊ ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်ပညာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ဇော်က မြတ်ဆရာတို့၏ဂုဏ်ကိုရည်စူး၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်ကြူကြူရွှေက မြတ်ဆရာပူဇော်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးဝင်းကိုက ရန်ကုန်ပညာရေး တက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ ၁၀ နှစ်မြောက် အမှတ်တရ ထုတ်ဝေသော သုံးပန်လှမဂ္ဂဇင်း (၂၀၀၆)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ပူဇော်ကန်တော့ခံ သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီး ၂၁၆ဦးတို့အား ကျောင်းသားကျောင်းသူဟောင်းများက ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ဆက်လက်၍ အငြိမ်းစား ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဝင်း၊ ပါမောက္ခဌာနမှူး ဒေါက်တာခင်အေးနှင့် အငြိမ်းစား ပါမောက္ခ ဒေါ်နုနုတို့က ဩဝါဒစကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အစည်းအဝေး စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ အသင်းသားစုံညီ အစည်းအဝေးကို ဖေဖော်ဝါရီ၅ရက် နံနက်၈နာရီခွဲတွင်လည်းကောင်း၊ စာတမ်းဖတ်ပွဲများကို ၄ရက် နံနက်၈နာရီခွဲနှင့် ဖေဖော်ဝါရီ ၅ရက်မွန်းလွဲ၁ နာရီတွင်လည်းကောင်း Myanmar° Info-Tech အဆောက်အအုံ၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်တိုင်း တက်ရောက်နိုင်ကြောင်းနှင့် စာတမ်းဖတ်ပွဲတက်ရောက်မည့်သူများ နေရာ အကန့်အသတ်ကြောင့် ကြိုတင်စာရင်းပေးရန်လိုအပ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း–၆၅၂၈၂၂ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၂၉ရက်ကကျင်းပသော (၂၆)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံအထိမ်းအမှတ် ညစာစားပွဲတွင် သီရိသုဓမ္မ မဏိဇောတဓရဘွဲ့တံဆိပ်ရ ဒေါက်တာဝင်းမြင့်အား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၁/၂၀၀၆)တွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၃၀

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၆)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာခန်းမ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်း၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆွေးနွေး မှာကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွှန်းမောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်း ကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်း အစည်း အဝေး တွင် အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ဆွေးနွေး တင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်း ကော်မတီ နှင့်စီမံခန့်ခွဲမှု ကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး တွင် အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌစာရင်းစစ်ချုပ် ဗိုလ်ချုပ် လွှန်းမောင် ရှင်းလင်း တင်ပြ စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီ တို့၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေးတွင် အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဖတ်ကြားတင်သွင်းဆောင်ရွက်ခဲ့

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ စတင်ကျင်းပခဲ့ရာ ယခုအခါ နှစ်လနီးပါး ကြာမြင့်လာပြီဖြစ်ကြောင်း၊ ယခု အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့နှင့်ပတ်သက်၍လည်းကောင်း ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်းသည့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိချက်များကို အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် ရှင်းလင်းပြောကြားခြင်း၊ အဆိုပါကိစ္စများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ် အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုချက်စာတမ်းများ ရေးသားပြုစုခြင်း၊ အကြံပြုချက် စာတမ်းများကို ကိုယ်စားလှယ်အစုအဖွဲ့ သဘာပတိအဖွဲ့များက ပေါင်းစပ်ညှိနှိုင်းခြင်း၊ အကြံပြုချက် စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် ကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

ဆက်လက်၍ ကိုယ်စားလှယ်အစုအဖွဲ့များ၏ ဆွေးနွေးအကြံပြုချက်၊ တင်ပြချက်များကို အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က ကောက်နုတ် စုစည်း၍ သုံးသပ်ချက်များ ပြုစုရန် ရှိမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့အနေဖြင့် လတ်တလော ဆောင်ရွက်ရန်ရှိသည့် ကိစ္စများ၊ နောင်ဆက်လက်ဆောင်ရွက်မည့်ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ၏ မှတ်တမ်း မှတ်ရာပြုစုထိန်းသိမ်းခြင်းကိစ္စ၊ ဖြန့်ဝေပေးပြီးသည့်အခြေအနေ၊ ဘဏ္ဍာငွေ သုံးစွဲကုန်ကျမှု အခြေအနေနှင့် အခြားအုပ်ချုပ်မှုကိစ္စတို့ကိုဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွှန်းမောင်တို့က ယင်းတို့၏ကော်မတီအလိုက် ယခုလက်ငင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆပ်ကော်မတီဥက္ကဋ္ဌများက ယင်းတို့၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးကိစ္စ၊ ငွေကြေး သုံးစွဲမှု အလေအလွင့် မရှိရေးကိစ္စ၊ ပစ္စည်းပစ္စယ အသုံးအဆောင်များ၊ သစ်ပင်ပန်းမန်များ မပျောက်မပျက်အောင် ထိန်းသိမ်းရေးကိစ္စ၊ လုံခြုံရေးကိစ္စ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးကိစ္စတို့နှင့် ပတ်သက်၍ အသေးစိတ် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သဲအင်းဂူဝိပဿနာရိပ်သာခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် အမှတ် ၆ ဝိုင်း သဲအင်းဂူဝိပဿနာရိပ်သာ ရတနာမာန်အောင်ကျောင်းတိုက်၌ ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ဆရာတော်ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း)နှင့် ၆ ဝိုင်းဆရာတော် ဘဒ္ဒန္တဝီရိယ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဘဒ္ဒန္တစိန္တာမယ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယနယ်လှည့်သာသနာပြုဓမ္မကထိက အရှင်သူမြတ်တို့က အပါယ်တံခါးပိတ်၍ အသေတတ်အနေမြတ်နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများ ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ ဖေဖော်ဝါရီ ၅ရက် (တနင်္ဂနွေနေ့) ညနေ၅ နာရီအရောက် စာရင်းသွင်းပြီး အရဏ်ဆွမ်း၊နေ့ဆွမ်းတစ်နေ့တာဆွမ်း၊အချိုပွဲ၊ အအေးများကို လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ၌ တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီး၌ ဖေဖော်ဝါရီ၂ရက်မှ ၄ရက်ထိ သုံးရက်တိုင်တိုင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ကလည်းကောင်း၊ ဖေဖော်ဝါရီ၅ရက်နှင့်၆ရက်များတွင် တိုက်ကြီးမြို့ လိမ္မော်ခြံကျေးရွာ မြစိမ်းတောင်ဆရာတော် ဦးဇာနေယျ ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖားအောက်ဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

မော်လမြိုင်မြို့ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ ပဓာနနာယက ဘဒ္ဒန္တအာစိဏ္ဏ (သိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (ဝိုင်အမ်ဘီအေ) ရာပြည့်ပွဲတော် အကြို တရားပွဲအဖြစ် ဖေဖော်ဝါရီ၄ရက် (စနေနေ့) ည၆နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ကုသိုလ်ရှင် ဓမ္မမိတ်ဆွေများအား ဖိတ်ကြားထားကြောင်း သိရသည်။ **(၃၅၂)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ညီလာခံသည်

* ညီလာခံသည်
ရေခံမြေခံ
နေရာမှန်၍
ကေန်အောင်မည် ဒို့ယုံကြည်။

* ညီလာခံသည်
သဏ္ဍာန်သရုပ်
အမှန်လုပ်ရပ်
သရုပ်သကန်
ထုတ်ပြန်ကြေညာ
ပွင့်လင်းပါ၏
ပမာဆိုလျှင်
ကြေးမုံသွင်သို့
ရှုမြင်လေ့လာနိုင်ပါ၏။

* ညီလာခံသည်
ပြန်လှန်ညှိနှိုင်း
တိုင်းရင်းသားတို့
ရိုင်းပင်းထားဖို့
သွေးသားချင်းချင်း
ရေးသားရင်းဖြင့်
ရှင်းလင်းဆွေးနွေး
အပေးအယူ
အတွေးဟူ၍
ရေးသူအားလုံး
စည်းရုံးမှုမှန်
ညီလာခံသည်
တစ်သံ တစ်စိတ် တစ်ဝမ်းတည်း။ ။

တက္ကသိုလ်တင်ခ

✡ *ကျောဖုံးမှ*

တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲက စတင်၍အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးကြသည်။

သဘာပတိ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင် ဒေါက်တာပိုက်တင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစံသာအောင်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြစိန်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိုင်းတင့်အောင်၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်မျိုးဝင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှမြင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်ကဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၉ ဦးရှိပြီး ၁၀၆၉ ဦးတက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်တို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ပညာရေးဝန်ကြီးဌာနမှ ဦးခင်မောင်ကြည်က ဖတ်ကြားတင်ပြသည်။

[ဦးခင်မောင်ကြည်၏ ဖတ်ကြားတင်ပြချက်ကို အချပ်ပို(က)တွင် ဖော်ပြထားပါသည်။]

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးမြင့်ထွန်းက ဖတ်ကြားတင်ပြသည်။

[ဦးမြင့်ထွန်း၏ ဖတ်ကြားတင်ပြချက်ကို အချပ်ပို(ခ)တွင် ဖော်ပြထားပါသည်။]

ဆက်လက်၍အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ဒေါ်ညွန့်ညွန့်ရွှေက ဖတ်ကြားတင်ပြသည်။

[ဒေါ်ညွန့်ညွန့်ရွှေ၏ ဖတ်ကြားတင်ပြချက်ကို အချပ်ပို(ဂ)တွင် ဖော်ပြထားပါသည်။]

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကိုပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေး ဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကိုဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃)မှ ဦးစဝ်ကိုင်ဖက ဖတ်ကြားတင်ပြသည်။

(ဦးစဝ်ကိုင်ဖ၏ ဖတ်ကြားတင်ပြချက်ကိုသီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ဟောင်သရော အထူးဒေသမှ ဦးမန်းအောင်တင်မြင့်က ဖတ်ကြားတင်ပြသည်။

(ဦးမန်းအောင်တင်မြင့်၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဇန်နဝါရီ၃၁ရက်(အင်္ဂါနေ့)တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အနာဂတ်နိုင်ငံတော်၏ အုပ်ချုပ်မှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁)

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်း
ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်
ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ်ပေးလျက်ရှိနေပါသည်။ အ
နှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အ
၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြ
အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေ
ညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည် ဖြစ်သည်။

အမျိုးသားညီလာခံက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများ ချမှတ်ထားရာ၌ နိုင်ငံတော် အချုပ်အခြာအာဏာ ပိုင်းခြားခွဲဝေခြင်းနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် **"နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်။ ထိုသို့ ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာ သုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းသည်"**ဟူ၍ ချမှတ်ထားပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးအခွင့်အာဏာသည် အလွန်ပင်ကျယ်ပြန့်လှပါသည်။ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရသည့် လုပ်ငန်းများကိုလည်း နေ့စဉ်မလွဲမသွေ ကြုံတွေ့လုပ်ဆောင် ကြရစမြဲဖြစ်သည်။ ပြည်သူလူထု၏ နေ့စဉ်လှုပ်ရှား လုပ်ကိုင် ဆောင်ရွက်မှုမှန်သမျှသည် အုပ်ချုပ်ရေးနှင့်ကင်းလျက် မရှိနိုင်ကြောင်း တွေ့မြင်ရပေမည်။

နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးမဏ္ဍိုင်သည် ထိုနိုင်ငံ၏ အစိုးရအဖွဲ့ပင်ဖြစ်သည်။ အစိုးရအဖွဲ့သည် လွှတ်တော်အဆင့်ဆင့်က ပြဋ္ဌာန်းသော ဥပဒေအရပ်ရပ်ကို လက်တွေ့လိုက်နာကျင့်သုံးပြီး အကောင်အထည်ဖော်ပေးရသည်။ လွှတ်တော်အဆင့်ဆင့်က ချမှတ် ပေးသော နိုင်ငံတော်၏ မူဝါဒလမ်းစဉ်များကို မသွေမဖည် လိုက်နာကျင့်သုံးရသည်။ နိုင်ငံတော်လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး တိုးတက်ရေးတို့ကို နေ့စဉ်စီမံဆောင်ရွက်ရသည်။ အုပ်ချုပ်ရေးဆိုင်ရာ အစိုးရယန္တရားကို အောင်မြင်ချောမွေ့စွာ လည်ပတ်စေကာ နိုင်ငံ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရပါသည်။

ယခင်ဆောင်းပါးများဖြင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ရာ ယခုဆောင်းပါးဖြင့် အနာဂတ်နိုင်ငံတော်၏ အုပ်ချုပ်မှု အသွင်သဏ္ဌာန်၊ အနှစ်သာရတို့နှင့် စပ်လျဉ်းပြီး စတင်ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

စိုးမြကျော် – ဘကြီးခင်ဗျာ။ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှု အသွင်သဏ္ဌာန်နဲ့ အနှစ်သာရအပိုင်းကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါတယ်။ အခုဆက်လက်ပြီး အနာဂတ်နိုင်ငံတော်မှာ ဖွဲ့စည်း ဖြစ်ပေါ်လာမယ့် အုပ်ချုပ်မှု အသွင်သဏ္ဌာန်နဲ့ အနှစ် သာရအပိုင်းကို စတင်ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံပါရစေ။

ကြီးကြီးမြ – ကဲ–ကဲ ဆွေးနွေးတာလည်း ဆွေးနွေးတာပေါ့။ ဟော့ဒီ ရေနွေးကြမ်းနဲ့ ဆတ်သားခြောက် ပူပူလေးကိုလည်း ပူပူနွေးနွေး သုံးဆောင်ကြပါဦး။

ဘကြီးစိုး – မောင်ကျော်ရေ၊ မင်း ကြီးကြီးကိုယ်တိုင် စီမံထားတာလေးတွေ အားပေးလိုက်ကြဦးစို့။

စိုးမြကျော် – ခုလို ဆွေးလည်းဆွေးနွေး၊ ကျွေးလည်းကျွေးမွေးတဲ့ ဘကြီးနဲ့ ကြီးကြီးတို့ရဲ့ နွေးနွေးထွေးထွေး ရှိမှုကတော့ တပ်မတော်အစိုးရက တိုင်းရင်းသားပြည်သူတွေအပေါ် ထားရှိတဲ့ စေတနာမေတ္တာနဲ့မခြား တစ်သားတည်းပါပဲလားလို့ ကျွန်တော်ခံစားနားလည်နေမိပါတယ်။

ကြီးကြီးမြ – မိဘဆိုတာ သားသမီးတိုင်းအပေါ်မှာ ကျောကသားလည်းသား၊ ရင်ကသားလည်းသား ဘယ်တော့မှ မခွဲခြားဘူး မဟုတ်လား။ ရင်သွေးဟူက ချစ်မဝဆိုသလိုသား၊ သမီးတိုင်းကို ဆင်စီးမြင်းရံဖြစ်စေချင်ကြတာချည်းပါပဲ။ နိုင်ငံတော်အကြီးအကဲက တိုင်းရင်းသားရေးရာတွေနဲ့ စပ်လျဉ်းပြီး မိန့်မှာတဲ့အခါတိုင်းမှာ ဒီသဘောထားအတိုင်း လိုက်နာဖော်ဆောင်ကြဖို့ အမြဲ ပြောကြားလေ့ရှိတာ ကြီးကြီးသတိပြုနေမိတယ်။ ဒါဟာ နိုင်ငံတော်က သွေးရင်းသားရင်း တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအပေါ်ထားရှိတဲ့ စေတနာမေတ္တာတွေ ပါပဲကွယ်။

ဘကြီးစိုး – အဲဒီနိုင်ငံတော်ရဲ့ စေတနာမေတ္တာတွေ အမြဲမပြတ် ထင်ဟပ်နေတဲ့ အနာဂတ် နိုင်ငံတော်ဖော်ဆောင်မှုနဲ့ စပ်လျဉ်းပြီး မောင်ကျော့်ကို ရှင်းပြဖို့ ဘကြီးတို့ ကြိုတင်ပြင်ဆင်ထားကြပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ ခက်မသုံးဖြာမှာ အုပ်ချုပ်ရေး မဏ္ဍိုင် တည့်မတ်ကြံ့ခိုင်ဖို့၊ ထက်မြက်သွက်လက်ဖို့၊ ချောမွေ့ပြေပြစ်ဖို့ လိုအပ်တယ် မဟုတ်လား။

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး။ လွှတ်တော်အဆင့်ဆင့်က ပြည်သူတွေရဲ့ကိုယ်စား ဥပဒေပြုရေးအာဏာကို ကိုင်တွယ်ကျင့်သုံးပြီး နိုင်ငံနဲ့ပြည်သူလူထုအတွက် သင့်လျော်မယ့် ဥပဒေတွေကို ပြုစုပြဋ္ဌာန်းကြရသလို ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့ အဆင့်ဆင့်ကလည်း အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးပြီး အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေး ကိစ္စတွေ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ကြရတယ်လို့ သိရှိမှတ်သားထားရပါတယ်။ အသေးစိတ် ရှင်းပြပေးပါဦး။

ဘကြီးစိုး – အမျိုးသားညီလာခံက အုပ်ချုပ်ရေးနဲ့ စပ်လျဉ်းပြီး **"နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု များအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းမည်"**လို့ အခြေခံမူ ချမှတ်ထားတယ်။ အလားတူ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက်လည်း အသေးစိတ်အခြေခံရမယ့်မူတွေ အများအပြား ချမှတ်ထားတယ်ကွယ့်။

ကြီးကြီးမြ – အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုအသွင်သဏ္ဌာန်ပေါ်လွင်ထင်ရှားလာ အောင်၊ ပိုပြီးမြင်သာ ထင်သာ ရှိလာအောင် ရှင်းပြပေးပါဦး ကိုစိုး။

ဘကြီးစိုး – အမျိုးသားညီလာခံကချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူနဲ့ အသေးစိတ် အခြေခံရမယ့်မူတွေအရ အနာဂတ်နိုင်ငံတော်မှာ ဖြစ်ပေါ်လာမယ့် အုပ်ချုပ်မှု အသွင်သဏ္ဌာန်ကတော့–

- **ပြည်ထောင်စုအစိုးရအဖွဲ့၊**
- **တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊**
- **ပြည်နယ်အစိုးရအဖွဲ့များ၊**
- **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊**
- **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊**
- **ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့များ၊**
- **ခရိုင်အဆင့်အုပ်ချုပ်ရေးအဖွဲ့များ၊**
- **မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့များ၊**
- **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များ**

ဆိုပြီးရှိလာမှာ ဖြစ်တယ်ကွယ့်။

စိုးမြကျော် – အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး အသွင်သဏ္ဌာန်က တော်တော်ကျယ်ပြန့်နေတာ တွေ့ရပါတယ် ဘကြီး။ စိတ်ဝင်စားစရာပဲနော်။

ကြီးကြီးမြ – ဒါပေါ့ မောင်ကျော်ရယ်။ ဒီလို အသွင်သဏ္ဌာန်အရ ကျယ်ပြန့်လာအောင် ဖော်ဆောင်ပေးထားသလိုပဲ တိုင်းရင်းသားအားလုံးအတွက် လုပ်ပိုင်ခွင့်တွေ၊ အကျိုးကျေးဇူးတွေ၊ ဒီမိုကရေစီ ကျင့်သုံးပိုင်ခွင့်တွေဆိုတဲ့ အနှစ်သာရတွေလည်း ပိုမိုရရှိလာအောင် ဖော်ဆောင်ပေးထားတာ တွေ့နိုင်ပါတယ်။

ဘကြီးစိုး – ဟုတ်တယ်ကွယ့်။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကျင့်သုံးခဲ့စဉ်က ဗဟိုမှာ ပြည်ထောင်စုအစိုးရနဲ့ တိုင်းရင်းသားများအတွက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်အစိုးရတွေနဲ့ ချင်းဝိသေသတိုင်းအတွက် ချင်းရေးရာကောင်စီသာ ရှိခဲ့တယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကျင့်သုံးခဲ့စဉ်ကလည်း ပြည်ထောင်စုအစိုးရရယ်။ တိုင်းရင်းသားများအတွက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ် ပြည်သူ့ကောင်စီတွေသာ ရှိခဲ့တယ်။ အခုအမျိုးသားညီလာခံက ချမှတ်ထားတဲ့ မူတွေအရ နောင်ပေါ်ပေါက်လာမယ့် အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှု အသွင်သဏ္ဌာန်ပိုင်းမှာတော့ ဗဟိုမှာ ပြည်ထောင်စုအစိုးရအဖွဲ့ (၁)ဖွဲ့ရှိမယ်။ တိုင်းရင်းသားများအတွက် ပြည်နယ် (၇)ပြည်နယ်မှာ ပြည်နယ်အစိုးရ အဖွဲ့(၇)ဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ (၁)ဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ (၅)ဖွဲ့ ရှိလာမှာဖြစ်တဲ့အပြင် ကျန်တိုင်းဒေသကြီး(၇)ခုမှာလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့(၇)ဖွဲ့နဲ့ ရန်ကုန်ပြည်ထောင် စုနယ်မြေနဲ့ ကိုကိုးကျွန်းပြည်ထောင်စုနယ်မြေတို့အတွက် တာဝန်ပေးအပ်သွားမယ့် အုပ်ချုပ်ရေးကောင်စီ အဖွဲ့(၁)ဖွဲ့တို့လည်း ရှိလာမှာဖြစ်တယ်။ ဒါကြောင့် မကြာမီ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ထက်ရော၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထက်ပါ တိုင်းရင်းသားများအတွက် အုပ်ချုပ်မှုအခွင့်အရေး၊ အကျိုးစီးပွားနဲ့ ဒီမိုကရေစီ ကျင့်သုံးပိုင်ခွင့်တွေ ပိုမိုရရှိလာစေမှာ ဖြစ်ပါတယ်။

"နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။ ရှိရင်းစွဲတိုင်း(၇)တိုင်းကို တိုင်းဒေသကြီး (Region) (၇)ခုအဖြစ် လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် (၇) ပြည်နယ်ကို ပြည်နယ် (State) (၇)ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇)ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်။ ထိုတိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇) ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ်ဆိုသုံးနှုန်းသည်"

စိုးမြကျော် – ဟုတ်တယ်နော် ဘကြီ
အုပ်ချုပ်မှု အခွင့်အာဏ
တကျနဲ့ ကျယ်ကျယ်ပြ
တို့ ပြည်နယ်၊ မိမိတို့
ပိုပြီးအားတက်သရောနဲ့
မြင်မြင် ဆောင်ရွက်နို

ကြီးကြီးမြ – ဒါတင်ဘယ်ကမလဲ
ဖွဲ့စည်းအုပ်ချုပ်ပုံအခြေ
ကချင်ပြည်နယ်၊ က
တို့မှာသာ အုပ်ချုပ်
တွေနဲ့ ဥပဒေပြုရေးအ
ရှိခဲ့တယ်။ သုံးလေးန
မရှိသေးဘဲ ကော်သူ
ကောင်စီနဲ့ ကရင်
ဖွဲ့စည်းအုပ်ချုပ်ပုံ အ
ပြင်ဆင်ပြဋ္ဌာန်းပြီးတော့
ကရင်ပြည်နယ်အစိုးရ
ချင်းဝိသေသတိုင်းအတွ
ချင်းရေးရာ ဝန်ကြီးတစ်
ဝန်ကြီးက ဗဟိုပြည်
ချင်းတိုင်းရင်းသားရေး
ရရုံသာ ရခဲ့တာဖြစ်တ
ချင်းရေးရာဝန်ကြီးကို အ
ပေးဖို့၊ အကြံဉာဏ်ပေးဖို့
ဥပဒေကို ပါလီမန်က

စိုးမြကျော် – ဟုတ်လားကြီးကြီး။ ဒ
အုပ်ချုပ်မှုအသွင်သဏ္ဌာ
အလွန်ကျယ်ကျယ်ပြန့်ပြ
သာရအားဖြင့်လည်း ဒီမို
တွေ အများကြီးရရှိဖြစ်

ဘကြီးစိုး – ဒါပေါ့ကွယ်။ အနာဂ
ပုံသဏ္ဌာန်ကိုကြည့်ရင်
အမျိုးသားလွှတ်တော်နဲ့
တစ်နိုင်ငံလုံးနဲ့ တိုင်းရ
ကို ရွေးရှုပြီး လိုအပ်
ပြည်ထောင်စုအစိုးရအဖွဲ
လုံးနဲ့ တိုင်းရင်းသားပြ
အောင် စီမံအုပ်ချုပ်
တိုင်းဒေသကြီးတွေ၊ ပြ
ကြီး လွှတ်တော်၊ ပြည်
အပ်နှင်းထားတဲ့ဥပဒေ
တိုင်းဒေသကြီး၊ မိမိတို့
ဥပဒေတွေ ပြဋ္ဌာန်းကြ
တွေ၊ ပြည်နယ်အစိုးရအ

၁)

စိုးမြကျော်

ခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံ ပ်ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများ လာကြည့်ရှုခြင်းအားဖြင့် အနာဂတ်နိုင်ငံတော် ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသား ဖော်ပြသွားမည် ဖြစ်သည်။

စိုးမြကျော် – ဟုတ်တယ်နော် ဘကြီး။ တိုင်းရင်းသားတွေအတွက် အုပ်ချုပ်မှု အခွင့်အာဏာတွေကို ဒီမိုကရေစီနည်းလမ်းတကျနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုရရှိလာစေတာမို့ မိမိတို့ ပြည်နယ်၊ မိမိတို့ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုပြီးအားတက်သရောနဲ့ ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြတော့မှာပဲနော်။

ကြီးကြီးမြ – ဒါတင်ဘယ်ကမလဲ မောင်ကျော်ရယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေစတင်ကျင့်သုံးတုန်းက ကချင်ပြည်နယ်၊ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့မှာသာ အုပ်ချုပ်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ဥပဒေပြုရေးအတွက် ပြည်နယ်ကောင်စီတွေ ရှိခဲ့တယ်။ သုံးလေးနှစ်အထိ ကရင်ပြည်နယ်ဆိုတာ မရှိသေးဘဲ ကော်သူလေးဒေသဆိုပြီး ကရင်ရေးရာကောင်စီနဲ့ ကရင်ရေးရာဝန်ကြီးပဲ ရှိခဲ့တယ်။ အဲဒီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ၁၉၅၁ ခုနှစ်မှာ ပြင်ဆင်ပြဋ္ဌာန်းပြီးတော့မှ ကရင်ပြည်နယ် ကောင်စီနဲ့ ကရင်ပြည်နယ်အစိုးရ ရှိလာခဲ့တာဖြစ်တယ်။ ထို့အတူပဲ ချင်းဝိသေသတိုင်းအတွက် ချင်းရေးရာကောင်စီနဲ့ ချင်းရေးရာ ဝန်ကြီးတစ်ဦးသာ ရှိခဲ့တယ်။ အဲဒီချင်းရေးရာဝန်ကြီးက ဗဟိုပြည်ထောင်စုအစိုးရအဖွဲ့မှာ ပါဝင်ပြီး ချင်းတိုင်းရင်းသားရေးရာကိစ္စတွေကို ဆောင်ရွက်ခွင့်ရရုံသာ ရခဲ့တာဖြစ်တယ်။ ချင်းရေးရာကောင်စီကတော့ ချင်းရေးရာဝန်ကြီးကို အုပ်ချုပ်ရေးကိစ္စတွေမှာ အကူအညီပေးဖို့၊ အကြံဉာဏ်ပေးဖို့ဖြစ်တယ်။ ဥပဒေပြုခွင့်မရှိခဲ့ဘူး။ ဥပဒေကို ပါလီမန်က ပြုပေးတယ်။

စိုးမြကျော် – ဟုတ်လားကြီးကြီး။ ဒါဆိုရင် အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုအသွင်သဏ္ဌာန်ဟာ တိုင်းရင်းသားများအတွက် အလွန်ကျယ်ကျယ်ပြန့်ပြန့် တည်ရှိလာမှာဖြစ်သလို အနှစ်သာရအားဖြင့်လည်း ဒီမိုကရေစီပိုင်ခွင့်တွေ၊ အကျိုးကျေးဇူးတွေ အများကြီးရရှိဖြစ်ထွန်းလာမှာပဲနော်။

ဘကြီးစိုး – ဒါပေါ့ကွယ်။ အနာဂတ်နိုင်ငံတော်ရဲ့ တည်ဆောက်မှုပုံသဏ္ဌာန်ကိုကြည့်ရင် ဗဟိုမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်တွေက တစ်နိုင်ငံလုံးနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအကျိုးကို ရှေးရှုပြီး လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းကြမယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က ဥပဒေတွေနဲ့အညီ တစ်နိုင်ငံလုံးနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် စီမံအုပ်ချုပ်ဆောင်ရွက်မယ်။ အလားတူပဲ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေမှာလည်း တိုင်းဒေသကြီး လွှတ်တော်၊ ပြည်နယ်လွှတ်တော်တွေက မိမိတို့ကို အပ်နှင်းထားတဲ့ဥပဒေပြုစာရင်းပါ ကိစ္စတွေမှာ မိမိတို့ တိုင်းဒေသကြီး၊ မိမိတို့ပြည်နယ်အကျိုးအတွက် လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းကြမယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေ၊ ပြည်နယ်အစိုးရအဖွဲ့တွေကလည်း ဥပဒေတွေနဲ့အညီ မိမိတို့တိုင်းဒေသကြီး၊ မိမိတို့ ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံအုပ်ချုပ် ဆောင်ရွက်သွားကြမှာ ဖြစ်တယ်။ ဒီအနေအထားကိုကြည့်ရင် ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေအကြားမှာ အဆက်အစပ်ရှိရှိ၊ ဟန်ချက်ညီညီ အပြန်အလှန် အထောက်အကူပြုပြီး ဆောင်ရွက်သွားနိုင်မယ့် အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုအသွင်သဏ္ဌာန်နဲ့ အနှစ်သာရကို တွေ့ရမှာဖြစ်ပါတယ်။

စိုးမြကျော် – အနာဂတ် နိုင်ငံတော်အတွက် အားတက်ကြည်နူး ဝမ်းမြောက်စရာပါပဲ ဘကြီး။ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းတဲ့ အခြေခံရမယ့်မူတွေ ချမှတ်ထားရာမှာ **"နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။ ရှိရင်းစွဲတိုင်း(၇)တိုင်းကို တိုင်းဒေသကြီး (Region) (၇)ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ်(၇)ပြည်နယ်ကို ပြည်နယ် (State) (၇)ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇)ပြည်နယ်တို့သည် အဆင့်အတန်းတူညီကြသည်။ ထိုတိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇) ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ်ဆိုသုံးနှုန်းသည်"** လို့ ချမှတ်ထားတာ တွေ့ရပါတယ်။ ဒါကြောင့်မို့ အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှု အသွင်သဏ္ဌာန်အရ ဖြစ်တည်လာမယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တွေကို အက္ခရာစဉ်အရ ဖော်ပြရရင်–

– **ကချင်ပြည်နယ်အစိုးရအဖွဲ့၊**
– **ကယားပြည်နယ်အစိုးရအဖွဲ့၊**
– **ကရင်ပြည်နယ်အစိုးရအဖွဲ့၊**
– **ချင်းပြည်နယ်အစိုးရအဖွဲ့၊**
– **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊**
– **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊**
– **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊**
– **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊**
– **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊**
– **မွန်ပြည်နယ်အစိုးရအဖွဲ့၊**
– **ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊**
– **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊**
– **ရှမ်းပြည်နယ်အစိုးရအဖွဲ့၊**
– **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

ဆိုပြီး ဖြစ်လာမှာပေါ့နော်။

ဘကြီးစိုး – မောင်ကျော်ပြောတာ မှန်ပါတယ်။ အဲဒီလို တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အုပ်ချုပ်မှု အသွင်သဏ္ဌာန်တွေကို ဖော်ဆောင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးသလို ဒေသတစ်ခုရဲ့ ထူးခြားမှုအရ အဲဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အဲဒီဒေသမှာ ဖြစ်ထွန်းလာမယ့် ဖွံ့ဖြိုးမှုမှတစ်ဆင့် တစ်နိုင်ငံလုံးနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေဖို့ ဖော်ဆောင်ထားတဲ့ အုပ်ချုပ်မှု အစီအမံတွေလည်း ရှိသေးတယ်ကွယ့်။

စိုးမြကျော် – ဘာများလဲ ဘကြီး။ ရှင်းပြပေးပါဦး။

ဘကြီးစိုး – **နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နဲ့ အနှစ်သာရအပိုင်းမှာ ဘကြီးတို့ ဆွေးနွေးခဲ့ကြပြီးဖြစ်တဲ့ ပြည်ထောင်စုနယ်မြေများ ဖွဲ့စည်းခြင်းပဲပေါ့ကွယ်။ ပြည်ထောင်စုနယ်မြေအဖြစ် ဖွဲ့စည်းတယ်ဆိုတာက နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစသည်တို့နဲ့ စပ်လျဉ်းပြီး ထူးခြားတဲ့ အခြေအနေရှိတဲ့ နယ်မြေတွေကို ရွေးချယ်ဖွဲ့စည်းတာကွယ့်။ အဲဒီလို ဖွဲ့စည်းပြီး နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိဆောင်ရွက်တာပဲ ဖြစ်တယ်။ ဒါကြောင့် ဒီလိုဖွဲ့စည်းဆောင်ရွက်ခြင်းကြောင့် ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုရင်လည်း ပိုပြီးထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်။ စီးပွားရေးအတွက်ဆိုရင်လည်း ပိုပြီးထိရောက်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ အကျိုးဖြစ်ထွန်းအောင်၊ အဲဒီဖွံ့ဖြိုးတိုးတက်မှုနဲ့ အကျိုးဖြစ်ထွန်းမှုတွေကတစ်ဆင့် တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံးအတွက် အကျိုးကျေးဇူးတွေ ပိုမိုရရှိအောင် ဆောင်ရွက်နိုင်မှာဖြစ်တယ်။ အဲဒီလို ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး ကိစ္စများနှင့် စပ်လျဉ်းပြီး ထူးခြားတဲ့နယ်မြေတွေကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ် ဆောင်ရွက်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်ဆောင်ရွက်နိုင်တယ်လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားတယ်ကွယ့်။**

စိုးမြကျော် – အနာဂတ်နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး အကျိုးအတွက် အကောင်းဆုံး ဖော်ဆောင်နိုင်အောင် စီမံထားတဲ့၊ အင်မတန်ကောင်းမွန်တဲ့ အုပ်ချုပ်ရေးဆိုင်ရာ အစီအမံပဲနော် ဘကြီး။

ဘကြီးစိုး – ဒါပေါ့မောင်ကျော်။ လက်ရှိချမှတ်ပြီးဖြစ်တဲ့ အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံရမယ့် မူတွေအရဆိုရင်တော့ နိုင်ငံတော်ရဲ့အုပ်ချုပ်မှုအသွင်သဏ္ဌာန်မှာ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေအပြင်–

(၁) ရန်ကုန်မြို့တော်ပြည်ထောင်စုနယ်မြေ နဲ့
(၂) ကိုကိုးကျွန်းမြို့နယ် ပြည်ထောင်စုနယ်မြေ တို့ ပါဝင်လာမှာ ဖြစ်တယ်။

စိုးမြကျော် – အဲဒီပြည်ထောင်စုနယ်မြေ(၂)ခုကို နိုင်ငံတော်သမ္မတက တိုက်ရိုက် အုပ်ချုပ် စီမံသွားမှာပေါ့နော် ဘကြီး။

ဘကြီးစိုး – နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာတော့ ရှိမယ်ကွယ့်။ ဒါပေမယ့် နိုင်ငံတော်သမ္မတက သူ့ကိုယ်စားအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းအုပ်ချုပ်စေမှာဖြစ်တယ်။ အခု ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူတွေအရ နိုင်ငံတော်သမ္မတက ရန်ကုန်မြို့တော်ကောင်စီ (Yangon City Council)ဆိုတာကို ဖွဲ့စည်းပြီး အဲဒီကောင်စီက ရန်ကုန်မြို့တော် ပြည်ထောင်စုနယ်မြေနဲ့ ကိုကိုးကျွန်းမြို့နယ် ပြည်ထောင်စုနယ်မြေတို့ရဲ့ အုပ်ချုပ်မှုကိစ္စတွေကို တာဝန်ခံ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကြီးကြီးမြ – အဲဒီလို နယ်မြေဒေသရဲ့ ထူးခြားမှုအရ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးအတွက် ဖော်ဆောင်ပေးထားတဲ့ အုပ်ချုပ်ရေးအစီအမံတွေရှိသလို တိုင်းရင်းသား လူနည်းစုတွေ အကျိုးအတွက် ဖော်ဆောင်ပေးထားတဲ့အုပ်ချုပ်ရေး အစီအမံတွေလည်း ရှိသေး တယ်ကွယ့် မောင်ကျော်ရဲ့။

စိုးမြကျော် – ဟုတ်လားကြီးကြီး။ ရှင်းပြပေးပါဦး။

ကြီးကြီးမြ – အဲဒါကတော့ တိုင်းရင်းသားလူနည်းစုတွေအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖော်ဆောင်မှု အစီအမံပါပဲ။ အဲဒီအစီအမံတွေအရ အနာဂတ် နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုအသွင်သဏ္ဌာန်မှာ ပြည်ထောင်စုနဲ့တိုင်း ဒေသကြီးတွေ၊ ပြည်နယ်တွေ၊ ပြည်ထောင်စုနယ်မြေတွေအပြင်–

– **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊**
– **ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊**
– **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊**
– **ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊**
– **ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** နဲ့
– **'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊**

ဆိုပြီး ဖွဲ့စည်းဖြစ်တည်လာမှာ ဖြစ်တယ်ကွယ့်။

စိုးမြကျော် – တိုင်းရင်းသားလူနည်းစုတွေအတွက် အင်မတန်အကျိုးရှိတဲ့ အုပ်ချုပ်မှုအစီအမံပါပဲကြီးကြီး။

ကြီးကြီးမြ – ဒါတင်ဘယ်ကဦးမလဲကွယ်။ အဲဒီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ အခြားဖွဲ့စည်းပုံအခြေခံဥပဒေတွေနဲ့မတူတဲ့ ထူးခြားကောင်းမွန်တဲ့ အနှစ်သာရ တွေရှိနေသေးတယ်။

စိုးမြကျော် – စိတ်ဝင်စားစရာပဲ ကြီးကြီး။ ရှင်းပြပေးပါဦး။

ကြီးကြီးမြ – ဒီလိုမောင်ကျော်ရဲ့၊ အနာဂတ်နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံမှာ ပါဝင်လာမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာလို ဥပဒေပြုရေးအာဏာ ကျင့်သုံးမယ့် လွှတ်တော်တွေက သတ်သတ်၊ အုပ်ချုပ်ရေးအာဏာကျင့်သုံးမယ့် အစိုးရအဖွဲ့တွေက သတ်သတ် ပိုင်းခြားပြီး မဖွဲ့ဘူးကွယ့်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဆိုပြီး ဦးစီးအဖွဲ့တစ်ဖွဲ့တည်းကိုသာ ဖွဲ့သွားမှာဖြစ်တယ်။ အဲဒီဦးစီးအဖွဲ့ကပဲ ဥပဒေပြုရေး အာဏာကိုရော အုပ်ချုပ်ရေး အာဏာကိုပါ ပူးတွဲ ကိုင်တွယ်ကျင့်သုံးသွားရလိမ့်မယ်။ အဲဒီလိုတစ်ဖွဲ့တည်းက အာဏာနှစ်ရပ်ကို ပူးတွဲကိုင်တွယ် ကျင့်သုံးခွင့်ရတဲ့အတွက် ဒေသခံတိုင်းရင်းသားတွေအနေနဲ့ မိမိတို့ဒေသရဲ့အကျိုးကို ပိုမို ထိရောက်၊ ကောင်းမွန်၊ မြန်ဆန်အောင် ဖန်တီးဖော်ဆောင်ခွင့်ရတာပေါ့ကွယ်။ ဒါဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေအတွက် ထူးခြားတဲ့ အုပ်ချုပ်မှု အသွင်သဏ္ဌာန်ဖြစ်သလို အခွင့်အလမ်း ပြည့်ပြည့်ဝဝရရှိစေတဲ့ ဒီမိုကရေစီအနှစ်သာရပဲ မဟုတ်လား။

ဘကြီးစိုး – ဒါတွေဟာ အမျိုးသားညီလာခံက တိုင်းရင်းသားလူနည်းစုတွေအတွက် ပကတိ အခြေအနေအရ အကောင်းဆုံးနဲ့ အကျိုးအရှိဆုံးဖြစ်အောင် ဖော်ဆောင်ပေးထားတဲ့ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာ အသွင်သဏ္ဌာန်နဲ့ အနှစ်သာရတွေပါပဲ။

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး။ တိုင်းရင်းသားတွေအတွက် ဘယ်တုန်းကမျှ မရရှိခဲ့ဖူးသေးတဲ့ အချုပ်အခြာအာဏာ ပိုင်းခြားကျင့်သုံးနိုင်မှု အခွင့်အရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ပေးမှုရဲ့ အနှစ်သာရတွေလို့ ဆိုရမှာဖြစ်ပါတယ်။

ကြီးကြီးမြ – တကယ်တော့ တိုင်းရင်းသားလူနည်းစုတွေရဲ့ အကျိုးစီးပွားအတွက် အခုလို အခြေခံကျကျ၊ သဘာဝကျကျ စဉ်းစားသုံးသပ် ဖော်ဆောင်ပေးမှုမျိုးဟာ ကမ္ဘာ့နိုင်ငံအများစုမှာတောင် ခပ်ရှားရှားပါကွယ်။

စိုးမြကျော် – ဟုတ်တယ်နော်ကြီးကြီး။ စိတ်ဝင်စားစရာ အလွန်ကောင်းပြီး ဝမ်းမြောက်ဝမ်းသာ မုဒိတာဖြစ်ဖွယ်ရာ ဖော်ဆောင်ပေးမှုတွေပါပဲ။

ဘကြီးစိုး – နောက်ထပ် ဝမ်းမြောက်ဝမ်းသာ မုဒိတာဖြစ်ဖွယ်ရာတွေ ရှိသေးတယ်မောင်ကျော်။ အုပ်ချုပ်ရေးဆိုင်ရာ အစိုးရအဖွဲ့တွေ၊ ဦးစီးအဖွဲ့တွေ ရွေးချယ်ဖွဲ့စည်းမှုအပိုင်းကို ဘကြီးတို့ ဆွေးနွေးတဲ့အခါကျရင် အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုအသွင်သဏ္ဌာန်နဲ့ အနှစ်သာရတွေကို အားပါးတရ တွေ့ကြရဦးမှာ ဖြစ်တယ်ကွယ့်။ ဘကြီးလည်း ညီလာခံပြန်ဝင်ရဦးမှာမို့ ဒီနေ့အဖို့တော့ နားလိုက်ကြဦးစို့။

စိုးမြကျော် – ကျေးဇူးပါပဲခင်ဗျာ။ လာမယ့်အပတ် စကားဝိုင်းဆွေးနွေးပွဲကို ကျွန်တော် စောင့်မျှော်နေပါ့မယ်။ ။

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်ပွဲရ အားကစားမောင်မယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းအဆောက်အအုံ(အိုင်ဘီစီ)ခန်းမ၌ကျင်းပသော ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ အောင်ပွဲရ အားကစားမောင်မယ်များအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

တက်ရောက်

ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင် နာယကများ၊ ဦးဆောင်နာယကများ၊ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊မြန်မာနိုင်ငံအမျိုးသမီး အားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ တာဝန်ခံ နာယကများ၊ အထူး ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စေတနာရှင် အလှူရှင်များ၊ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြု အမှာစကားပြောကြားသည်။

ဆက်လက်၍ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ မြန်မာ့လက်ရွေးစင် အားကစားသမား၏ အောင်မြင်မှုရရှိခဲ့ပုံ ဗီဒီယိုမှတ်တမ်းခွေအား ပြသသည်။

အောင်မြင်ခဲ့ပုံ

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလှူငွေပေးအပ်

ထို့နောက် စေတနာရှင်အလှူရှင်များက မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပထမဦးစွာ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင် နာယကများ၊ ဦးဆောင်နာယကများ၊ တာဝန်ခံနာယကများနှင့် နာယကအဖွဲ့ဝင်များ၏ လှူဒါန်းငွေကျပ်ကိုးသိန်း ခြောက်သောင်း၊ ပြည်နယ်နှင့်တိုင်း အဝေးရောက်နာယကများ၏ လှူဒါန်းငွေကျပ် ၁၃ သိန်းငါးသောင်းတို့ကို တာဝန်ခံနာယက ဒေါ်နီနီဝင်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက လက်ခံသည်။

ဆက်လက်၍ စေတနာရှင်အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးအား ကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ခံ နာယကများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။ယနေ့ အခမ်းအနားတွင် စေတနာရှင်များမှ လှူဒါန်းငွေစုစုပေါင်းမှာ ကျပ် ၁၄၁ သိန်းခြောက်သောင်း ဖြစ်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ ဆုရရှိကြသူများအားဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယကဒေါ်ခင်သန်းနွဲ့က အမျိုးသား RECURVE မြားပစ် တစ်ဦးချင်း ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ဇော်ဝင်းထိုက်၊အမျိုးသားမီတာ(၁၅၀၀) အပြေးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ အောင်သီဟ၊ ဘီလီယက်နှစ်ယောက်တွဲ ရွှေတံဆိပ်ဆုရကျော်ဦးနှင့် အောင်ဆန်းဦး တို့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယကဒေါ်သန်းသန်းနွဲ့က အမျိုးသား(၈၀)ကီလိုတန်း ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ဇင်လင်းအောင်၊ အမျိုးသားမီတာ(၅၀၀) တစ်ဦးချင်း ကယက်လှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ဖုန်းမြင့်တေဇာနှင့် Hoop Takraw ပိုက်ကျော်ခြင်းပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များ ဖြစ်ကြသည့် မောင်မောင်စိန်၊ အောင်ဇော်၊ သန်းဇော်ဦး၊သိန်းဇော်မင်း၊အောင်လှိုင်မိုးနှင့် အောင်ချိုမြင့်တို့အား ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယကဒေါ်ခင်ခင်ဝင်းက Double Regu ပိုက်ကျော်ခြင်းပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မောင်မောင်၊ စည်သူလင်း၊အောင်ချိုမြင့်နှင့်အမျိုးသား (၁၀) မီတာ လေပစ္စတို သေနတ်ပစ်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မောင်ကြူး၊ အမျိုးသား ရွက်လှေပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရှင် အောင်မြင်သူနှင့် စိုင်းပြည့်စုံဟိန်းတို့အား ငွေကျပ်တစ်သိန်းစီတို့ကို အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဦးဆောင်နာယက ဒေါ်စန်းစန်းရီကအမျိုးသားထောက်လုပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ပြည့်ဝေဖြိုးအား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ အမျိုးသမီး မီတာ (၄၀၀) ပြေးခုန်ပစ် ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ယဉ်ယဉ်ခိုင်၊ အမျိုးသမီး မီတာ(၂၀၀)ရွှေတံဆိပ်ဆုရှင် ကေခိုင်လွင်တို့အား ငွေကျပ်တစ်သိန်းနှစ်သောင်းစီကိုလည်းကောင်းချီးမြှင့်သည်။

ဦးဆောင်နာယကဒေါ်ကြည်ကြည်အုန်းက အမျိုးသမီး မီတာ(၄၀၀)လက်ဆင့်ကမ်း ပြေးခုန်ပစ်ရွှေတံဆိပ်ဆုရှင်များဖြစ်သည့် မြင့်မြင့်အေး၊ လဲ့လဲ့ဝင်း၊ ယဉ်ယဉ်ခိုင်၊ကေခိုင်လွင်၊ အမျိုးသမီး မီတာ(၅၀၀)ကယက်(၄) တက်လှေလှော်ပြိုင်ပွဲ ရွှေတံဆိပ်ဆု ရှင်များဖြစ်သည့် ခင်မာဦး၊ နော်အားလယ်လာရီး၊ ငွေးဝင်း၊အေးမိခိုင်၊ အမျိုးသမီး ပိုက်ကျော်ခြင်း Hoop Takraw ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များဖြစ်သည့် ကြူကြူသင်း၊ ခင်နုဖြိုး၊နေဇင်ဖြိုး၊ မာမာဝင်း၊ စိုးဆင့်ဆင့်အောင်နှင့် နိုင်နိုင်ဝင်းတို့အား ကျပ်တစ်သိန်းနှစ်သောင်းစီကိုလည်းကောင်း၊ဦးဆောင်နာယက ဒေါ်ခင်အေးကျင်(ခ) ဒေါ်အေးအေးက အမျိုးသမီး အလေးမ(၇၅) ကီလိုတန်း ရွှေတံဆိပ်ဆုရှင် မြစန္ဒာဦးနှင့် အမျိုးသမီး ဝူရှူး နန်းချွမ်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ဆွေဆွေသန့်တို့အား ငွေကျပ်တစ်သိန်း နှစ်သောင်းစီကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဦးဆောင်နာယက ဒေါ်ထွေးထွေးညွန့်က ငွေတံဆိပ်ဆုရှင် အမျိုးသား ၅၂ ဦးအတွက် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းလေးသောင်းကို ငွေတံဆိပ်ဆုရှင်များ ကိုယ်စား ကာယဗလ ပြိုင်ပွဲမှ မင်းဇော်ဦးအားလည်းကောင်း၊အမျိုးသမီး ပြိုင်ပွဲငွေတံဆိပ်ဆုရှင် ၇၂ ဦးအား ဂုဏ်ပြုဆုငွေကျပ် ၃၆ သိန်းကို အမျိုးသမီး ငွေတံဆိပ်ဆုရှင်များကိုယ်စား ပြေးခုန်ပစ် အားကစားမယ် ပပအားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဦးဆောင်နာယက ဒေါ်ခင်သက်ဌေးကကြေးတံဆိပ်ဆုရှင် အမျိုးသား ၈၁ ဦးအတွက် ဂုဏ်ပြုဆုငွေ ကျပ်ရှစ်သိန်းတစ်သောင်းကို အမျိုးသား ကြေးတံဆိပ်ဆုရှင်များ ကိုယ်စားသေနတ်ပစ်အားကစားသမား ခင်မောင်ထွေးအား လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆုရှင် ၄၄ ဦး အတွက် ဂုဏ်ပြုဆုငွေကျပ်ရှစ် သိန်းရှစ်သောင်းကို ဂျူဒိုအားကစားမယ် အေးအေးသင်းအားလည်းကောင်း အသီးသီးပေးအပ် ချီးမြှင့်သည်။

လက်ခံရယူ

ဆက်လက်၍ ဝူရှူး အားကစား တာဝန်ခံ နာယကနှင့်နာယကအဖွဲ့ဝင်များက ဝူရှူး အားကစားပြိုင်ပွဲဆုတံဆိပ်ရ အားကစားသမားများအတွက် ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်းကိုးသောင်း၊ ဝူရှူးအားကစားနည်း တာဝန်ခံ နာယက ဒေါ်ကျင်ခိုင်နှင့် အဖွဲ့ဝင်နာယက ဒေါ်စန်းစန်းတို့က ပေးအပ်ချီးမြှင့်ရာ ဝူရှူး ရွှေတံဆိပ်ဆုရှင် ဆွေဆွေသန့်နှင့် ပြည့်ဝေဖြိုး၊ ငွေတံဆိပ်ဆုရှင် အိခိုင်ထွေးနှင့် ကြေးတံဆိပ်ဆုရှင် သဥ္ဇာစိုးတို့က လက်ခံရယူကြသည်။

မြားပစ်အားကစား

ထို့နောက်မြားပစ်အားကစားနည်း တာဝန်ခံနာယက ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက မြားပစ်ပြိုင်ပွဲ ဆုတံဆိပ်ရ အားကစားသမားများအတွက် ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းကို ပေးအပ်ချီးမြှင့်ရာ ရွှေတံဆိပ်ဆုရှင် ဇော်ဝင်းထိုက်က လက်ခံရယူသည်။

ချီးမြှင့်ငွေ

ယနေ့ကျင်းပသော အခမ်းအနားတွင် ရွှေတံဆိပ်ဆု ၁၇ ဆု၊ ငွေတံဆိပ်ဆု ၃၄ ဆုနှင့် ကြေးတံဆိပ်ဆု ၄၈ ဆု စုစုပေါင်း ၉၉ ဆုအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းမှာ ငွေကျပ် ၁၀၃ သိန်းကိုးသောင်း ဖြစ်သည်။

ဆက်လက်၍ အောင်ပွဲရ အားကစားမောင်မယ်များ ကိုယ်စား ရွှေတံဆိပ်တစ်ဆုနှင့်ငွေတံဆိပ်တစ်ဆုရှင် လှေလှော်အားကစားမယ် နော်အားလယ်လာရီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အလှူရှင် ဦးထွန်းမြင့်၊ ဒေါ်အေးအေးညွန့် ကြက်လျှာစွန်း(KSS)မှ နတ်သုဒ္ဓါ ဒံပေါက်ဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီးအဖြစ် ဦးကြာညိုချစ်ဖေအား ပြောင်းရွှေ့ခန့်အပ်

ရန်ကုန် ဇန်နဝါရီ ၃၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဆားဗီးယားနှင့် မွန်တီနီဂရိုးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကြာညိုချစ်ဖေအား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲ အပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဆားဗီးယားနှင့် မွန်တီနီဂရိုးနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးစိုးနွယ်အားခန့်အပ်

ရန်ကုန် ဇန်နဝါရီ ၃၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးစိုးနွယ်အား ဆားဗီးယားနှင့် မွန်တီနီဂရိုး နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲ အပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာ နိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၃) ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၃၀

ကျေးလက်ပြည်သူများ၏ ကျန်းမာပျော်ရွှင်ရေး၊ အရည်အသွေးမြင့်မားသော ဘဝတန်ဖိုးရရှိရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းစနစ်များ မြှင့်တင်ရေးနှင့်အသိပညာပေးနိုင်ရေးတို့စသည့် ရည်ရွယ်ချက်များဖြင့် ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၃)ကို ဖေဖော်ဝါရီ ၁ ရက်မှစ၍ ထုတ်ဝေလိုက်သည်။

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် ခြစည်းရိုးကြက်ဆူရိုင်းစိုက်ပျိုးနည်း၊ ဆင်တုံးမနွယ်ပင် ဆေးဖက်ဝင်၊ ဇီဝဒီဇယ်ဆီစိုက်ပျိုးကြီးပွားသနပ်ခါး၊ ကြက်လည်လိမ်ရောဂါနှင့်ကာကွယ်နည်း၊ အချိန်မှန်စိုက်ပျိုးနေကြာ အထွက်တိုး၊ပန်းမြို့တော်မှ တောင်သူလယ်သမားကျောင်း၊ ခြစည်းရိုးကြက်ဆူနှင့်ကတ်စတာ၊ မြက်နုရာ၊မင်းကွက်ပင်ဆေးအသုံးဝင်နှင့်စိုက်ပျိုးနည်း၊ ကျေးလက်ပြည်သူတို့၏ သတ္တိနှင့် စိတ်ဓာတ်၊ ပိတုန်း(သို့)ကမ္ဘာ့အသေးဆုံးငှက်စသည့်ဆောင်းပါး၊ ဝတ္ထုပုံပြင်၊ ဟာသ၊ကာတွန်း၊ ကဗျာနှင့်သတင်းကဏ္ဍများကို ဖွယ်ဖွယ်ရာရာ ဖော်ပြပါရှိသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ဝါမိုးအောင်စာပေနှင့် မန္တလေးမြို့ရှိ ထွန်းဦးစာပေတို့၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် ၃၀-၃၂၊ ၁၀လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စနေဆွမ်းချက်၊ ဆွမ်းလောင်းမိသားစု ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် အင်းဝ ၉လမ်း ဝါတွင်းဝါပ စနေဆွမ်းချက်၊ ဆွမ်းလောင်းမိသားစု၏ သတ္တမအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၆၇ခုနှစ် တပို့တွဲလပြည့် ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့)ညနေ ၃ နာရီတွင် အင်းဝ ၉ လမ်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။ စာသင်တိုက် ၁၄တိုက်မှ သံဃာတော်၁၄၈ပါးတို့ အား လောင်းလှူကြမည်ဖြစ်ရာ စေတနာရှင်များ လာရောက်လောင်းလှူနိုင်ကြောင်း သိရသည်။ **(၂၀၀)**

ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ အမှုဆောင်အဖွဲ့သစ်ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၃၀

ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ ရွေးချယ်တင်မြှောက်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ယမန်နေ့ နံနက်၁၀နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝိုင်အမ်ဘီအေ ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါ်တင်မွေး(မွေးငယ်ငယ်)ကဆောင်ရွက်ပြီး သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကြိုင်မြင့် (မောင်ရန်ရှင်) **(အပေါ်ပုံ)**၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့(ဗဟို)တွဲဖက်အတွင်းရေးမှူး(၃) ဦးခင်ဆွေ(ရွှေစွန်ညို)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌဦးမြင့်ဆွေ(မြင့်ဆွေမြင့်)နှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူးဦးမြင့်စိုး (ကွမ်းပေါင်းအဖွဲ့) တို့က ဖတ်ကြားကြပြီး အစည်းအဝေးက အတည်ပြုသည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)၊ အတွင်းရေးမှူး ဒေါ်တင်မွေး(မွေးငယ်ငယ်)တို့ ပါဝင်သည့် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ကြပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အားရွေးချယ်ကြသည်။

ထို့နောက် သက်ကြီးစာပေပညာရှင်ကြီး ခုနစ်ဦးတို့အား ပူဇော်ကန်တော့ကြသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၃၁-၁-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၂၅ ၉။ မြို့လှတပ်ကုန်း ရေလှောင်တမံ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English For Everyday Use
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၀၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၁၅ ၇။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၇:၂၅ ၈။ **"ရောင်ပြန်ဟပ်ခြင်း"** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၃၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း-၆၀)
၁၈:၅၅ ၁၃။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၇)
၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လေ့ကျင့်ခန်းလေးများ"** (အပိုင်း-၃၅)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ် နေ့ကလေးများ"** (အပိုင်း-၆)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံသားတိုင်းမူလအခွင့်အရေးကို ရယူခံစားခွင့်ရှိသကဲ့သို့ တာဝန်များကိုလည်းကျေပွန်အောင် ထမ်းဆောင်ရန်လိုအပ်
နိုင်ငံသားတိုင်း အဓိကထားထမ်းဆောင်ရမည့် တာဝန်များအနက် ဒို့တာဝန်အရေး(၃)ပါးကိုစောင့်ထိန်းရန်တာဝန်ရှိ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြကြရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)မှ ဦးစဝ်ကိုင်ဖ ဖတ်ကြားတင်ပြ သည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း"နှင့် "တပ်မတော်အခန်း"အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်းပြီး အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို အပိုင်းနှစ်ပိုင်းခွဲပြီး ဖတ်ကြားတင်ပြသွားမည်ဖြစ်ပါကြောင်း။

မိမိတို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များအပါအဝင် စာတမ်းပြုစုရေးအဖွဲ့ကို ၂၅ဦးဖြင့် ထပ်မံဖွဲ့စည်းခဲ့ပြီး စာတမ်းတစ်စောင်ရရှိရေးအတွက် စနစ်တကျနှင့် စေ့စပ်သေချာစွာ လေ့လာပြုစုခဲ့ကြပါကြောင်း၊ စာတမ်းပြုစုရေးအစည်းအဝေးကို သုံးကြိမ် ပြုလုပ်ခဲ့ပြီး၊ အစုအဖွဲ့အစည်းအဝေး၌ ကိုယ်စားလှယ် ၈၉ဦးတို့အား ထပ်မံရှင်းလင်းဖတ်ကြားခဲ့ကြပါကြောင်း၊ အစုအဖွဲ့တွင် ပါဝင်သည့် ကိုယ်စားလှယ်အားလုံးတို့၏ သဘောတူ အတည်ပြုချက်ရယူပြီးဖြစ်သည့် အကြံပြုချက်စာတမ်းတွင်–

- ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှုများ
- မိမိ၏ အမြင်ကို လွတ်လွတ်လပ်လပ်တင်ပြမှုများ
- မတူညီသည့် ရှုထောင့်စုံမှ ကွဲပြားသည့်သုံးသပ်မှုများကို

စိတ်ပါဝင်စားစွာဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဝိုင်းဝန်းရေးသားခဲ့ကြပါကြောင်း၊ ထို့ကြောင့် မိမိတို့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကွဲလွဲမှုများအတွင်းမှ တူညီမှုကို စုစည်းဖော်ထုတ်ထားပါကြောင်း ဦးစွာပဏာမ တင်ပြလိုပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်သည့် အခန်းခေါင်းစဉ်တစ်ခုဖြစ်သည့် "နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များ" အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံမူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက လေ့လာတွေ့ရှိချက်များကို ၂၀၀၆ခုနှစ် ဇန်နဝါရီလ၁၀ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ရှင်းလင်းတင်ပြခဲ့ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ အချက်(၄၈)ချက်ကို မိမိတို့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တွင်ပါဝင်သည့် ကိုယ်စားလှယ်များက အသေးစိတ်လေ့လာခဲ့ကြပါကြောင်း၊ ရှင်းလင်းချက်ထဲတွင်–

- နိုင်ငံသားဖြစ်ရန်အတွက် လိုအပ်သည့်အချက်များ၊
- နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများနှင့်
- နိုင်ငံသားများထမ်းဆောင်ရန်တာဝန်များကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်ကို တွေ့ရကြောင်း။

မိမိတို့နိုင်ငံတွင် သမိုင်းတစ်လျှောက် တိုင်းရင်းသားအားလုံးသည် ဥမကွဲသိုက်မပျက် အတူတကွနေထိုင်ခဲ့ကြပါကြောင်း၊ နိုင်ငံတော်၏ ဒေသအသီးသီးတွင် တိုင်းရင်းသားလူမျိုး၁၀၀ကျော် စုပေါင်းနေထိုင်လျက်ရှိကြပါကြောင်း။

နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအားလုံးသည် ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ရန် အခွင့်အရေးများ ရရှိသင့်ကြပါကြောင်း။

နိုင်ငံသားဖြစ်မှုဆိုသည်မှာ နိုင်ငံတော်အတွက်အရေးပါသောကိစ္စတစ်ရပ်ဖြစ်ပါကြောင်း၊ လူဦးရေများပြားလှသောအိမ်နီးချင်းနိုင်ငံများနှင့် ရေချင်း၊ မြေချင်းဆက်စပ်သည့် မြန်မာနိုင်ငံ၏အနေအထားသည် ပို၍အရေးပါသော အနေအထားကိုဖြစ်ပေါ်စေပါကြောင်း၊ နိုင်ငံသားဖြစ်မှုသည် ဒီမိုကရေစီအစိုးရပုံစံ Democratic Polity တည်ဆောက်မှုတွင် မရှိမဖြစ်သော အဓိကအခြေခံအုတ်မြစ်တစ်ခုဖြစ်ပါကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံတော်၏နိုင်ငံရေးရေစီးကြောင်းတွင်ပါရှိလာသည့် အဖွဲ့ဝင်တစ်ဦးဖြစ်လာမှု၊ နိုင်ငံတော်အပေါ် သစ္စာခံယူခြင်းကိုဖြစ်ပေါ်စေပြီး နိုင်ငံတော်၏အရေးအရာ၌ ပါဝင်လာမှုကို နိုင်ငံတော်မှ တရားဝင်အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ပါကြောင်း။

နိုင်ငံသားဖြစ်မှုသည် ပြည်ပနိုင်ငံသား၊ နိုင်ငံခြားသားတို့ခံစားပိုင်ခွင့်မရှိကြသည့် အခြားသောအခွင့်အရေး၊ ဝတ္တရား၊ ခံစားခွင့်၊ တာဝန်သတ်မှတ်မှုများ ရရှိစေပါကြောင်း၊ အလုပ်ခေါ်ယူရာတွင် နိုင်ငံသားတိုင်းအတွက် အစိုးရဌာနများက တံခါးဖွင့်ထားပါကြောင်း၊ နိုင်ငံသားတိုင်းသည် အစိုးရဌာနမှ ခေါ်ယူသော အလုပ်အကိုင်များကိုလျှောက်ထားပိုင်ခွင့်ရှိပါကြောင်း၊ ရွေးကောက်ပွဲများတွင်လည်း မဲဆန္ဒပေးခွင့်ရှိပြီး ယှဉ်ပြိုင်ရွေးချယ်ခံပိုင်ခွင့်လည်း ရှိပါကြောင်း။

ထို့အတူ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သည့်အချိန်တွင် ပါဝင်ဆင်နွှဲခွင့်လည်းရှိမည်ဖြစ်ပါကြောင်း၊ တစ်နည်းဆိုရလျှင် နိုင်ငံသားဖြစ်မှုဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားပုဂ္ဂိုလ်တစ်ဦးတို့အကြား၊ ဥပဒေကြောင်းဆိုင်ရာ ဆက်သွယ်မှုအဖြစ်တွေ့မြင်ရပါကြောင်း၊ သို့ဖြင့် ယင်းပုဂ္ဂိုလ်အနေဖြင့် နိုင်ငံတော်၏သစ္စာကိုခံယူပြီး နိုင်ငံတော်က ယင်းပုဂ္ဂိုလ်အား ပြန်လည်ကြည့်ရှုစောင့်ရှောက်ပေးခြင်းလည်းဖြစ်ပါကြောင်း၊ အဆိုပါဆက်သွယ်မှုကို အမျိုးသားဥပဒေတို့ဖြင့် ညှိနှိုင်းထိန်းသိမ်းထားရာ အပြည်ပြည်ဆိုင်ရာ ဥပဒေကလည်း အသိအမှတ်ပြုထားပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)မှ ဦးစဝ်ကိုင်ဖ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် အခြေခံမူများသည် တိုင်းရင်းသား ညီအစ်ကိုများအားလုံး နိုင်ငံသားအဖြစ်အခွင့်အရေးကို အလိုအလျောက်ရရှိနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းသို့ သတ်မှတ်ပြီးဖြစ်သည့် အခြေခံရမည့်မူကို "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း"တွင် အသေးစိတ်အခြေခံရမည့်မူအဖြစ်ဖော်ပြရန် သင့်တော်ပါကြောင်း လေးလေးနက်နက် တင်ပြအပ်ပါကြောင်း။

မိမိတို့ တိုင်းရင်းသားညီအစ်ကိုများကို နိုင်ငံသားအဖြစ် သတ်မှတ်ရန်အခွင့်အရေးရှိသကဲ့သို့ တိုင်းရင်းသားတိုင်း ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးများသည်လည်း နိုင်ငံသားများ၏ မူလအခွင့်အရေးတွင် ပါဝင်ပြီးဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံရမည့်မူများမှာလည်း သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း။ ယင်းအခြေခံမူမှာ "နိုင်ငံသားတိုင်းသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးစသည်တို့ ခံစားခွင့်ရှိမည်"ဟု ဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကလည်း"နိုင်ငံသားတိုင်း **တန်းတူညီမျှမှု အခွင့်အရေး ရှိစေရေး**"နှင့်စပ်လျဉ်းပြီး အမှတ်စဉ်(၃)မှ (၈)အထိ အချက်ခြောက်ချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန်သင့်၊ မသင့် အကြံပြုဆွေးနွေးကြရန် ရှင်းပြသွားခဲ့ပါကြောင်း။

နိုင်ငံသားတိုင်း၊ တန်းတူညီမျှမှုအခွင့်အရေးနှင့် ပတ်သက်ပြီး ဥပဒေရေးရာ တန်းတူညီမျှမှု၊ နိုင်ငံသားများ၏အခွင့်အရေး၊ နိုင်ငံသားများ လုပ်ငန်းဆောင်ရွက်ရာတွင် တူညီသောအခွင့်အရေး၊ အမျိုးသမီးများ ကလေးငယ်များ၏ အခွင့်အရေးတို့ကို တိတိကျကျ ထုတ်နုတ်ရှင်းပြသွားခဲ့ပါကြောင်း၊ လောကပါလတရားဟု ခေါ်ဆိုနိုင်သည့် အဆိုပါအခွင့်အရေးများသည် တစ်နည်းအားဖြင့် ပြောရလျှင် ပြည်သူအများခံစားခွင့်ရှိသည့် "စစ်မှန်သည့် ဒီမိုကရေစီ အခွင့်အရေးများ"လည်း ဖြစ်ကြပါကြောင်း။

ထို့ကြောင့် မိမိတို့အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အနေဖြင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းပြချက်မှာပါသည့် နိုင်ငံသားတိုင်း တန်းတူညီမျှမှု အခွင့်အရေးနှင့်စပ်လျဉ်းသည့် အချက်ခြောက်ချက်အား အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြလိုပါကြောင်း။

ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးသည့် နိုင်ငံများတွင် ပြည်သူများသည် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်နှင့် အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်၊ နိုင်ငံတော်အတွင်း အခြေစိုက်နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ နေအိမ်ဥပစာလုံခြုံခွင့်များ ရရှိကြပါကြောင်း။

မိမိတို့နိုင်ငံတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအခွင့်အရေးများကို တိုင်းရင်းသားပြည်သူအားလုံး တစ်ပြေးညီ ဆက်လက်ခံစားရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ခံစားနိုင်ရေးအတွက် မိမိတို့နိုင်ငံ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားပြီး အတိတ်သမိုင်းကြောင်းမှ အတွေ့အကြုံများကို သင်ခန်းစာရယူကာ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံသားများ၏ **လွတ်လပ်မှုအခွင့်အရေး**နှင့်စပ်လျဉ်းပြီး အသက်နှင့် လွတ်လပ်ခွင့် မဆုံးရှုံးရေး၊ ဥပဒေနှင့်အညီ လွတ်လပ်စွာသုံးစွဲဆောင်ရွက်ရန်အခွင့်အရေး၊ နိုင်ငံတော်အတွင်း လွတ်လပ်စွာ အခြေစိုက်နေထိုင်ခွင့်၊ နိုင်ငံသားများ၏ တရားဝင်ပိုင်ဆိုင်ခွင့်များ ပါဝင်သည့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ အမှတ်စဉ်(၉)မှ (၁၃)အထိ ပါရှိသော အချက်ငါးချက်ပါ ရှင်းလင်းချက်များအား အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် ကျေးကျွန်ပြုမှုနှင့် လူအရောင်းအဝယ်ပြုမှု၊ အဓမ္မစေခိုင်းမှုနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ လူကို ကုန်ပစ္စည်းတစ်ခုသဖွယ် အရောင်းအဝယ်ပြုခြင်းသည် ကျေးပိုင်၊ ကျွန်ပိုင်ရှင်ခေတ် အပြုအမူမျိုးဖြစ်ပြီး ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံအများအပြားတွင် လူနှင့်လူအခွင့်အရေးတို့ကို အဓိကတန်ဖိုးထား လိုက်နာကျင့်သုံးကြသည်ကို တွေ့ရပါကြောင်း။

ဥပဒေအရ ပြစ်ဒဏ်ကျခံရ၍ ဆောင်ရွက်ရခြင်း၊ အများပြည်သူအကျိုးအတွက် ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး၊ အဓမ္မစေခိုင်းခြင်းကို တားမြစ်ကြောင်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်တွင် ပါဝင်သည့် အမှတ်စဉ်(၁၄)နှင့် (၁၅) အချက်နှစ်ချက်အား အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ဤနေရာတွင် အကြံပြုလိုသည့် အချက်တစ်ချက်မှာ **အမှတ်စဉ် (၁၄) တွင် ပါဝင်သည့် "လူအရောင်းအဝယ်"ဟူသော စကားရပ်အစား ၂၀၀၅ ခုနှစ်တွင် ဥပဒေပြုခဲ့သော "လူကုန်ကူးခြင်း"ဟူသော စကားရပ်ဖြင့် အစားထိုးသင့်ပါကြောင်း** အကြံပြုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကျသည့် တိုင်းရင်းသားများသည် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်မှုများ ရှိကြပါကြောင်း၊ တိုင်းရင်းသားပြည်သူတိုင်းသည် မိမိနှစ်သက်ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်လည်းရှိကြပါကြောင်း။

ယင်းသို့ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုပြုကြသည့်အခါတွင် နိုင်ငံတော်နှင့် အများပြည်သူများ၏အကျိုးကိုရှေးရှုပြီး ဘာသာရေးကို နိုင်ငံရေး၊ လူမှုရေးနှင့် အခြားသောလောကီရေးရာကိစ္စရပ်များနှင့် ရောထွေးမှုမရှိစေရန် လိုအပ်ပါကြောင်း၊ ဘာသာရေးကို အကြောင်းပြုပြီး နိုင်ငံရေး၊ လူမျိုးရေးများ ရောယှက်ရာမှအစ၊ ဘာသာတစ်ခုနှင့်တစ်ခု၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးမှု၊ ခိုက်ရန်ဖြစ်ပွားမှုများ မရှိစေရေး တားမြစ်ချက်များလည်း ရှိသင့်ပါကြောင်း။

၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သည့် နိုင်ငံတော်အခြေခံမူ(၁၀၄)ချက်ထဲတွင်လည်း ဘာသာသာသနာဆိုင်ရာ ကိုးကွယ်မှုနှင့်စပ်လျဉ်းပြီး အခြေခံရမည့်မူ ချမှတ်ခဲ့ပြီးလည်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းချက်တွင် ပါဝင်သည့် "ဘာသာ သာသနာဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အမှတ်စဉ်(၁၆)မှ (၂၂)အထိ အချက်ခုနစ်ချက်"အား အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

နိုင်ငံတော်တစ်နံတစ်လျားတွင် မှီတင်းနေထိုင်ကြသည့်တိုင်းရင်းသားများတွင် တူညီသည့် ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုနှင့် အနုပညာများရှိကြသကဲ့သို့ မတူညီသည့် ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုအနုပညာများလည်း ရှိကြပါကြောင်း၊ အချို့သော တိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့် ကိုယ်ပိုင်ဘာသာစကားနှင့် စာပေများရှိကြပါကြောင်း၊ အချို့တိုင်းရင်းသားများသည် ဘာသာစကားရှိသော်လည်း ကိုယ်ပိုင်စာပေ မရှိသေးသည့်အတွက် ကိုယ်ပိုင်စာပေပြုစုရေးဆောင်ရွက်နေသည်များလည်း ရှိကြပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စာပေယဉ်ကျေးမှုအနုပညာများကို လွတ်လပ်စွာဖော်ထုတ်ခွင့်ရှိသင့်ပါကြောင်း။

အလားတူ တိုင်းရင်းသားအားလုံး ယဉ်ကျေးမှုအဆင့်အတန်း မြင့်တင်နိုင်ရန်နှင့် ပညာရည်တိုးတက်လာရန် နိုင်ငံသားတိုင်း အခြေခံပညာကို မသင်မနေရ ပညာရေးစနစ် ကျင့်သုံးရန်လိုအပ်ပါကြောင်း၊ တိုင်းရင်းသားများအတွက် စာပေနှင့်အနုပညာကို တီထွင်ကြံဆဖော်ထုတ်ရေးသားရန် သိပ္ပံပညာစူးစမ်းရှာဖွေရန်၊ ယဉ်ကျေးမှုကိစ္စများမှာလည်း လွတ်လပ်စွာဖော်ထုတ်ရန်အခွင့်အရေးများရှိသင့်ပြီး ပညာထူးချွန်သူများကိုလည်း ချီးမြှင့်မြောက်စားရန်လည်း လိုအပ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင်ပါဝင်သည့် **"ယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာအခွင့်အရေးများ"** နှင့် စပ်လျဉ်းသည့် အမှတ်စဉ်(၂၃)မှ (၂၅)အထိ အချက်သုံးချက်အား အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

အနာဂတ်နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်မည်ဖြစ်သဖြင့် ဒီမိုကရေစီနိုင်ငံ၏ အခြေခံမူတစ်ရပ်ဖြစ်သည့် ရွေးကောက်တင်မြှောက်မှုသည်လည်း အရေးကြီးပါကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်များတည်ရှိမှာဖြစ်ပြီး ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ် အသီးသီးသည် သက်ဆိုင်ရာလွှတ်တော်များအတွက် ပြည်သူ့ကိုယ်စားဥပဒေပြုနိုင်ရန် ပေါ်ထွက်လာမှာဖြစ်ပါကြောင်း၊ ယင်းလွှတ်တော်အသီးသီးတွင် တာဝန်ယူဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းရင်းသားပြည်သူတိုင်းမှာ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်မီလျှင် ဝင်ရောက် ရွေးချယ်ခံခွင့်ရှိမည်ဖြစ်ပါကြောင်း။

နိုင်ငံသားတိုင်းတွင် သတ်မှတ်အရည်အချင်းပြည့်စုံ၍ ရွေးချယ်ခံပိုင်ခွင့်ရှိသကဲ့သို့ မိမိတို့ရွေးချယ်မဲပေးလိုက်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ပြန်လည်ရုပ်သိမ်းခွင့် ရှိရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် ပါဝင်သည့် **"ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးများ"**နှင့်စပ်လျဉ်းသည့် အမှတ်စဉ်(၂၆)နှင့် (၂၇)အချက်နှစ်ချက်အား အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

အနာဂတ်နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ကျင့်သုံးရာတွင် နိုင်ငံသားတိုင်းသည် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသင့်ပါကြောင်း၊ အလားတူ

စာမျက်နှာ ၁၃ ကော်လံ ၁

တိုင်းရင်းသားပေါင်းစုံပါဝင်သည့် တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက်ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားရာတွင် ဟောင်သရောအထူးဒေသမှ ဦးမန်းအောင်တင်မြင့် ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဟောင်သရော အထူးဒေသမှ ဦးမန်းအောင်တင်မြင့် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်ရမည့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် မိမိတို့အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်များကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

ဆွေးနွေးအကြံပြုတင်ပြရာတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးများမှ တညီတညွတ်တည်းသဘောတူဆုံးဖြတ်ချမှတ်ခဲ့ပြီးဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်ရမည့် အခြေခံမူများဘောင်အတွင်းမှ တင်ပြသွားမည် ဖြစ်ပါကြောင်း။

ယနေ့တပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်တွင် ပြည်သူလူထုနှင့်လက်တွဲကာ တိုက်ပွဲဝင်ခဲ့သည့်တပ်မတော်ဖြစ်ပါကြောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့မျိုးချစ်တပ်မတော်တို့မှ အဆင့်ဆင့်ပေါက်ဖွားလာသော တပ်မတော်လည်းဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပအန္တရာယ်များကို စွမ်းစွမ်းတမံတွန်းလှန်တိုက်ခိုက်ခဲ့သကဲ့သို့ လွတ်လပ်ရေးဆုံးရှုံးတော့မည့် အန္တရာယ်မှန်သမျှကိုလည်း ပြည်သူလူထုနှင့်လက်တွဲပြီး ရဲရဲဝံ့ဝံ့ခုခံကာကွယ်နိုင်ခဲ့သော တပ်မတော်လည်းဖြစ်ပါကြောင်း၊ တပ်မတော်နှင့်ပြည်သူသည် မည်သို့မျှ ခွဲခြားမရသည့် သိပ်သည်းခိုင်မာသော အပေါင်းလက္ခဏာတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အတိတ်သမိုင်းကြောင်းက ထင်ထင်ရှားရှား သက်သေပြသခဲ့ပြီး ဖြစ်ပါကြောင်း။

မျက်မှောက် ကမ္ဘာ့အခြေအနေများကို လေ့လာကြည့်လျှင် နိုင်ငံတကာ ဆက်ဆံရေးတွင် မိမိတို့အမျိုးသားအကျိုးစီးပွား(National Interest**)ကိုသာ ရှေ့တန်းတင်ဆောင်ရွက်နေကြသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ စစ်အေးကာလ တိုက်ပွဲများအဆုံးသတ်ခြင်းနှင့်အတူ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲကာ နိုင်ငံငယ်ကလေးများပေါ်ပေါက်လာခဲ့ပါကြောင်း၊** Balance of Power **အင်အားချိန်ခွင်လျှာက တစ်ဖက်စောင်းနင်းဖြစ်ခဲ့ပါကြောင်း၊ အမေရိကန်သည် တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံအဖြစ်ကို ရရှိသွားပါကြောင်း၊** NATO **နှင့်ပေါင်းပြီး စစ်အင်အားအထက်စီးရသွားသကဲ့သို့ စီးပွားရေးတွင်လည်း အပေါ်စီးရသွားပါကြောင်း၊ နိုင်ငံတကာမီဒီယာနှင့် နိုင်ငံတကာ တရားစီရင်ရေးတွင်လည်း စိတ်ကြိုက်ခြယ်လှယ်ခွင့်ရသွားသည်ကို တွေ့ရပါကြောင်း။**

ပြိုင်ဘက်နိုင်ငံများ အနေဖြင့်လည်း မဟာအင်အားကြီးနိုင်ငံတို့၏ အန္တရာယ်မှ ကာကွယ်နိုင်ရန် မိမိတို့နိုင်ငံ၏တပ်မတော်ကို ပိုမိုအင်အားတောင့်တင်းခိုင်မာလာအောင် ဆောင်ရွက်နေကြရပါကြောင်း၊ ယခုအခါ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်မှုကို အသီးသီးကာကွယ်ရန် ကြိုးပမ်းမှုများပြုလုပ်လျက်ရှိကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အလားတူ ကြိုးပမ်းရမည်သာဖြစ်ကြောင်း လေ့လာသုံးသပ်မိပါကြောင်း။

မြန်မာနိုင်ငံ၏ပထဝီနိုင်ငံရေးကိုလေ့လာသော် မြောက်ဘက်တွင် လူဦးရေအင်အား သန်းတစ်ထောင်သုံးရာကျော်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်ဘက်တွင် လူဦးရေအင်အား သန်းတစ်ထောင်ကျော်ရှိသော အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အရှေ့ဘက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ထိစပ်လျက်ရှိနေပါကြောင်း၊ အင်အားကြီးနိုင်ငံများ၏ အကြားတည်ရှိနေသော မြန်မာနိုင်ငံအနေဖြင့် ခေတ်မီပြီးခိုင်မာသည့်တပ်မတော်၊ ခိုင်မာသောစစ်ရေးမဟာဗျူဟာစစ်ရေးသတိရှိရန် အထူးလိုအပ်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ တပ်မတော်၏အတိတ်သမိုင်း ဖြစ်စဉ်များအရသော်လည်းကောင်း၊ မျက်မှောက်ကမ္ဘာ့အခြေအနေများအရလည်းကောင်း မြန်မာနိုင်ငံ၏ တပ်မတော်သည် ခေတ်မီတောင့်တင်းခိုင်မာရန် အထူးလိုအပ်သည်ကို ပေါ်လွင်ထင်ရှားစွာတွေ့ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ပတ်ဝန်းကျင်တွင် လူဦးရေသန်းထောင်ကျော်သော နိုင်ငံများဝန်းရံလျက်ရှိခြင်း၊ ကမ္ဘာ့အဆင့်မီလက်နက်တပ်ဆင်ထားသော အင်အားကြီးတပ်မတော်များရှိခြင်း၊ နျူကလီးယားလက်နက်များ ပိုင်ဆိုင်လျက်ရှိခြင်းတို့ကြောင့် မိမိနိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် ခေတ်မီတပ်မတော်တစ်ရပ်ဖွဲ့စည်းထူထောင်ထားရှိရန် လိုအပ်မှာဖြစ်ပါကြောင်း၊ **တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင်ကျင်းပခဲ့သည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားတွင် နိုင်ငံတော်ကာကွယ်ရေးစွမ်းအား မြှင့်တင်ရေးနှင့် စပ်လျဉ်းပြီး-**

“ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဒို့တပ်မတော်ကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားဦးအောင်ဇေယျဘုရင်မင်းမြတ်တို့က တည်ထောင်ခဲ့တဲ့ ထက်မြက်တဲ့ တပ်မတော်သားများနဲ့ ထက်မြက်တဲ့အမွေကိုခံယူလျက် ပိုမိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ကြီးအဖြစ် တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြရမယ်“ဟု မိန့်ကြားခဲ့ကြောင်း၊ ယင်းအဆိုအမိန့်သည် ပကတိနိုင်ငံတကာအခြေအနေနှင့် လိုက်လျောညီထွေရှိပြီး အနာဂတ်နိုင်ငံတော်အတွက် အမြော်အမြင်ရှိရှိ လမ်းညွှန်ချက်လည်းဖြစ်ပါကြောင်း၊ ဤအပေါ်တွင်အခြေခံပြီးလုပ်ငန်းကော်မတီဥက္ကဋ္ဌက “တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်”ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုရန် ဖိတ်ခေါ်ခဲ့ပါကြောင်း။

ဤအပိုင်းကို ဆွေးနွေးအကြံပြုရမည်ဆိုလျှင် ကမ္ဘာကြီးသည် အစဉ်အမြဲပြောင်းလဲတိုးတက်နေပါကြောင်း။

စစ်မဟာဗျူဟာ တိုးတက်မှုသည် သိပ္ပံနှင့်နည်းပညာတိုးတက်မှု၊ ဆက်သွယ်ရေး နည်းပညာတိုးတက်မှုများနှင့်အတူ အစဉ်အမြဲ တိုးတက်ပြောင်းလဲနေပါကြောင်း၊ ပြောင်းလဲတိုးတက်မှုနှင့်အတူ တစ်ကမ္ဘာလုံးသို့ လွှမ်းခြုံလျက် အသစ်ဖြစ်ပေါ်မှုများ ပေါ်ပေါက်လျက်ရှိကြောင်း။

(Regional War) ဒေသအလိုက် ဖြစ်ပွားသောစစ်ပွဲများ၊ (Limited War) ကန့်သတ်စစ်ပွဲများ၊ (Total War) အကြွင်းမဲ့စစ်ပွဲများအတွက် မဟာဗျူဟာများချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချမှတ်ထားသော စစ်မဟာဗျူဟာ အောင်မြင်ရေးဆိုရာ၌ မိမိနိုင်ငံသားများ၏ ထောက်ခံအားပေးမှုသည် အရေးအပါဆုံးဖြစ်သည်ကို ကမ္ဘာ့စစ်ပွဲများက သက်သေပြလျက်ရှိပါကြောင်း၊ နပိုလီယန်စစ်ရှုံးမှုနှင့် ပတ်သက်၍ နပိုလီယန်ကို ထောက်ခံသောပြည်သူများအနေဖြင့် (To Live in Defeat is to Die Every Day) ဟု အဆိုအမိန့်ရှိသဖြင့် အရှုံးမပေးရသော အခြေအနေတစ်ရပ် ဖန်တီးပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အရှုံးမပေးရအောင် တပ်မတော်ကြီးကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်ရန် အမှန်ပင်လိုအပ်မည်ဖြစ်ကြောင်း တင်ပြလိုပါကြောင်း။

ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ **“တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်”**ဟူသော အချက်ကို အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဤနေရာတွင် အကြံပြုလိုသည့် အချက်တစ်ချက်မှာတော့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အထောက်အကူဖြစ်ပြီး တပ်မတော်၏ ဂုဏ်သိက္ခာ ပိုမိုလေးနက်ပေါ်လွင်စေရန်အတွက် “တိုင်းရင်းသားပေါင်းစုံပါဝင်သည့်”ဟူသော စကားရပ်ကို ဖြည့်စွက်ပြီး **“တိုင်းရင်းသားပေါင်းစုံပါဝင်သည့် တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်”**ဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အသက်ဖြစ်ပြီး ယင်းနိုင်ငံ၏ ပင်မဥပဒေလည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သည့်မူများအား အခြေခံပြီး ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိပါးခြင်းသည် နိုင်ငံတော်၏အကျိုးစီးပွားကိုသော်လည်းကောင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာကိုသော်လည်းကောင်း ထိခိုက်သည့်အန္တရာယ်လည်းဖြစ်ပါကြောင်း၊ ယင်းအန္တရာယ်ကို ထိထိရောက်ရောက် ကာကွယ်နိုင်သည့် အဖွဲ့အစည်းသည် တပ်မတော်ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် **“တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်”**ဟူသည့် အခြေခံမူကို တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့်တော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ရာ ပြည်ထောင်စုနိုင်ငံ ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများသည် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကို အခြေခံသည့်သွေးချင်းများ ဖြစ်ကြပါကြောင်း၊ သမိုင်းကြောင်းအရ ကိုယ့်မင်းကိုယ့်ချင်းနှင့် နေထိုင်ခဲ့သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည်ဆိုသည်မှာ သမိုင်းတွင်ထင်ရှားသည့် အထောက်အထားများရှိပါကြောင်း၊ အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးရလျှင် မိမိတို့တစ်တွေသည် သမိုင်းတွင် တာဝန်မကျေပွန်သူများ၊ လူညံ့များဖြစ်ကုန်ပါလိမ့်မည်။ ထို့ကြောင့် ဖော်ပြခဲ့သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိနေပါကြောင်း၊ ယင်းအခြေခံရမည့်မူကို တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန်လည်း လျော်ကန်သင့်မြတ်ပါကြောင်း တင်ပြအပ်ပါကြောင်း။

စစ်အေးကာလတိုက်ပွဲများပြီးဆုံးပြီးနောက် စစ်အင်အားချိန်ခွင်လျှာသည် တစ်ဖက်စောင်းနင်းဖြစ်ပြီး (Unipolar World)အသွင်ဖြစ်ပေါ်နေပါကြောင်း၊ မဟာအင်အားကြီးနိုင်ငံများ ဗိုလ်ကျစိုးမိုးမှုမှ ကာကွယ်ရန်နှင့် လူဦးရေအင်အားကြီးမားသော နိုင်ငံများ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် တောင့်တင်းခိုင်မာအစွမ်းထက်သည့် တပ်မတော်ရှိနေရန်လိုအပ်သကဲ့သို့ ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းထောက်ခံသည့် ပြည်သူ့စစ်မဟာဗျူဟာချမှတ်ဆောင်ရွက်ရမည်လည်း ဖြစ်ပါကြောင်း၊ **အန္တရာယ်သည် ပြည်ပမှလည်းစတင်နိုင်ပြီး၊ ပြည်ပသြဇာခံပြည်တွင်းအဖျက်သမားများမှလည်းစတင်နိုင်ပါကြောင်း၊** ဖြစ်ပေါ်လာနိုင်သည့်ရန်ဟူသမျှကို တွန်းလှန်ကာကွယ်တိုက်ဖျက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် **“ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်ကဦးဆောင်ရမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်”** ဟူသော အချက်ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါကြောင်း။

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် ဥရောပမြေပုံတွင်အပြောင်းအလဲများစွာပေါ်ပေါက်ခဲ့ပါကြောင်း၊ နယ်နိမိတ်များပြောင်းလဲကြောင်း၊ နိုင်ငံငယ်များ အများအပြားပေါ်ပေါက်ခဲ့ကြောင်း၊ ဆိုရှယ်လစ်အုပ်စုမှုရန်းထွက်ခဲ့ကြကြောင်း၊ Balance of Power စနစ်လည်း ပျက်သုဉ်းသွားကြောင်း၊ မဟာအင်အားကြီးနိုင်ငံကြီးပေါ်လာကြောင်း၊ သိပ္ပံနှင့်နည်းပညာတိုးတက်လာကြောင်း၊ ဆက်သွယ်ရေးနည်းပညာထွန်းကားလာကြောင်း၊ ဤအချက်များသည် စစ်မဟာဗျူဟာပိုင်းတိုးတက်ပြောင်းလဲလာသကဲ့သို့ စစ်နည်းဗျူဟာပိုင်းတွင်လည်း ပြောင်းလဲကျင့်သုံးရမည်ဆိုသည့် **သတိပေးအချက်** ပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့် စစ်အခြေခံသဘောတရားဖြစ်သော ပြည်သူ့စစ်မဟာဗျူဟာနှင့် စစ်အောင်နိုင်ရာသောအကြောင်းကြီးများ ပြောင်းလဲဖြစ်ပေါ်မှုများကိုအခြေခံပြီး လိုက်ပါပြောင်းလဲဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ မြန်မာနိုင်ငံစစ်ရေးပထဝီအရ ပင်လယ်ကမ်းရိုးတန်းမိုင်၁၃၈၅ကျော်၊ ကုန်းမြေဧရိယာစတုရန်းမိုင် ၂၆၁၂၂၈ ကျော်ရှိရာ ပိုင်နက်မြေပြင်၊ ပိုင်နက်ဝေဟင်စိုးမိုးရေးတွင် အရေးကြီးသကဲ့သို့ ပိုင်နက်ပင်လယ်ပြင်စိုးမိုးရေးတွင်လည်း အရေးကြီးကြောင်း ပေါ်လွင်ထင်ရှားလှပါကြောင်း၊ အမိနိုင်ငံတော်လုံခြုံရေးအတွက် မည်မျှပင် ခေတ်မီတပ်မတော်ဖြစ်လင့်ကစား ပိုင်နက်မြေပြင်၊ ရေပြင်၊ ဝေဟင်ဒေသ အားလုံးကို လွှမ်းခြုံလုံခြုံရေးပေးနိုင်ရန် ခက်ခဲလှသည်ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံးပါဝင်သည့် ပြည်သူ့စွမ်းအားသည် မရှိမဖြစ် လိုအပ်လာပါကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာဆိုသည်မှာ တိုင်းပြည်၏ လူအင်အားစီမံကိန်းတစ်ရပ်လုံးကိုခြုံ၍ ရေးဆွဲထားရပြီး တိုက်စွမ်းရည်ရှိနိုင်သည့်အင်အားများကို အချိုးကျ အဆင့်ဆင့် စီမံဖန်တီးလျက် စစ်အေးချိန်တွင်သော်လည်းကောင်း၊ စစ်ဖြစ်ချိန်တွင်သော်လည်းကောင်း ကန့်သတ်သော စစ်စည်းရုံးမှု (Partial Mobilization)၊ ပြည်လုံးကျွတ် စစ်စည်းရုံးမှု (General Mobilization)သို့တိုင်အောင် စီမံကိန်းများ၊ စီမံချက်များတို့ကို ပြုစု၍ လုပ်ငန်းတာဝန်အသီးသီးကို တပ်မတော်၏ ဦးဆောင်မှုဖြင့် စစ်ဘက်၊ နယ်ဘက်မှ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်ရမည်သာ ဖြစ်ပါကြောင်း။

ပြည်သူ့စစ်ဆိုသည်မှာ နိုင်ငံရှိပြည်သူများအားလုံးအပေါ်အခြေပြုပြီး နိုင်ငံတွင်ရှိသည့် ရုပ်ဝတ္ထုပစ္စည်းများ၊ ပြည်သူများ၏ ထက်မြက်ကောင်းမွန်သော စိတ်ဓာတ်၊ ဆောင်ရွက်ရမည့်အကျိုးရှိနိုင်ဖွယ်သောနည်းလမ်းပေါင်းစုံအသုံးပြုပြီး တရားသောယုံကြည်ချက်အတွက် အနိုင်ရသည်အထိ တရားသော စစ်မက်ရေးရာယှဉ်ပြိုင်ခြင်းကို ယေဘုယျအားဖြင့် ဆိုရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာကို မြန်မာနိုင်ငံတွင်ငြိမ်းချမ်းစဉ်ကာလ ပြည်တွင်းသောင်းကျန်းမှုအမြစ်ပြတ်ချေမှုန်းရေးကာလနှင့် ပြည်ပအန္တရာယ်ရင်ဆိုင်ရသောကာလစသည့် ကာလသုံးပါးစလုံးတွင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်တွင်ပါရှိသည့် **“တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်၊ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်”**ဟူသောအပိုဒ်ကို အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးမည်ဆိုခြင်းကြောင့် နိုင်ငံတော်အတွင်းတွင်ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းများကို ကွပ်ကဲရန်တာဝန်မှာလည်း တပ်မတော်အပေါ်ကျရောက်လာပါကြောင်း၊ တပ်မတော်အပေါ် ကွပ်ကဲမှုတာဝန်ကျရောက်လာသည့်အလျောက် တပ်မတော်၏ အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်ဖြစ်လာပါကြောင်း၊ ထို့ကြောင့် **“တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲဖြစ်သည်”**ဟူ၍ တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ကြောင်း၊ သဘာဝတရား၏ဖြစ်စဉ်အရလည်းကောင်း၊ သမိုင်းပေးတာဝန် အရလည်းကောင်း၊ ပကတိအခြေအနေ၏ တောင်းဆိုမှုကြောင့်လည်းကောင်း ပေါ်လွင်ထင်ရှားလာပါကြောင်း၊ ထို့ကြောင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၃ သို့

စာမျက်နှာ ၁၁ မှ

နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းစသည်များကိုလည်း နိုင်ငံတော်မှ ပံ့ပိုးကူညီပေးရန် လိုအပ်ပါကြောင်း၊ ယင်းသို့ နိုင်ငံသားများ စီးပွားရေး လုပ်ကိုင်ကြရာတွင်လည်း ဥပဒေနှင့်မဆန့်ကျင်သည့် စီးပွားရေးကိစ္စများ ဆောင်ရွက်သည့်အခါတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်များကို နိုင်ငံတော်မှ အာမခံချက်ပေးရန်လိုအပ်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် ပါဝင်သည့် **"စီးပွားရေးဆိုင်ရာ အခွင့်အရေးများ"**နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ အမှတ်စဉ်(၂၈)မှ (၃၀)အထိ သုံးချက်အား ချမှတ်သင့်ပါကြောင်း တင်ပြလိုပါကြောင်း။

ပြည်သူများ၏အခွင့်အရေးများအနက် ပြစ်မှုဆိုင်ရာအခွင့်အရေးများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ ဥပဒေအရသာ ပြစ်မှုစီရင်စေရေး၊ ဥပဒေနှင့်အညီ ခုခံချေပခွင့်၊ တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ မည်သူ့ကိုမျှ ၂၄နာရီထက်ပို၍ ချုပ်နှောင်ခွင့်မပြုရေး အမှတ်စဉ်(၃၁)မှ (၃၄)အထိ အချက်လေးချက်ကို ရှင်းလင်းတင်ပြထားသည်ကို တွေ့ရှိရပြီး အသေးစိတ်အခြေခံသင့်သည့်မူများ အဖြစ် ချမှတ်သင့်ပါကြောင်းကို တင်ပြလိုပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် မူလအခွင့်အရေး တစ်ရပ်ရပ်ကိုရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားရယူပိုင်ခွင့်ရှိပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် Supreme Court of the Union ကို စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာ အပ်နှင်းထားခြင်းကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများ ချမှတ်ထားရာတွင်လည်း ဖော်ပြရရှိပြီးဖြစ်ပါကြောင်း၊ ယင်းအခြေခံမူမှာ-

"ပြည်ထောင်စုတွင် ပြည်ထောင်စု တရားလွှတ်တော်တစ်ရပ် ထားရှိသည်၊ ပြည်ထောင်စု တရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံး တရားရုံးဖြစ်သည်၊ ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များ၊ ထုတ်ပိုင်ခွင့်အာဏာများရှိသည်"

ဟူ၍ ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရကာကွယ်နိုင်၊ ရယူနိုင်သည့် အခွင့်အရေးများနှင့်စပ်လျဉ်းသည့် အမှတ်စဉ်(၃၅)မှ(၄၀)အထိ အချက်ခြောက်ချက်ကို ဖော်ပြထားပါကြောင်း၊ ယင်းရှင်းလင်းဖော်ပြချက်တွင် အခွင့်အရေးတစ်ရပ်ရပ် ရယူလိုလျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားရယူပိုင်ခွင့်၊ စာချွန်တော်အမိန့်များ၊ အခြေအနေတစ်ရပ်ပေါ်ပေါက်ချိန်တွင် အခွင့်အရေး တောင်းခံခွင့်၊ နိုင်ငံတော်၏ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်၊ နိုင်ငံသားများ၏ နစ်နာချက်အတွက် ရယူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း၍ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းဆိုင်ရာများကို တိတိကျကျ သတ်မှတ်ဖော်ပြထား၍ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း မိမိတို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က တင်ပြအပ်ပါကြောင်း။

နိုင်ငံသားတိုင်းတွင် မူလအခွင့်အရေးကို ရယူခံစားခွင့်ရှိသကဲ့သို့ တာဝန် များကိုလည်း ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုအပ်ပါကြောင်း၊ နိုင်ငံသားတိုင်း အဓိကထားထမ်းဆောင်ရမည့် တာဝန်များအနက်-

- **ပြည်ထောင်စုမပြိုကွဲရေး**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး**
- **အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး**

ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းကြရန်တာဝန်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကိုစောင့်ရှောက်ရန်၊ တိုင်းရင်းသားမျိုးနွယ်များအချင်းချင်း စည်းလုံးညီညွတ်ကြရန်၊ ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံပေါ်ထွန်းလာရန်၊ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်ပညာသင်ကြားပြီး လိုအပ်သည့်အချိန်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်များလည်းရှိကြပါကြောင်း။

နိုင်ငံသားများအနေနှင့် ဥပဒေအရ သတ်မှတ်ထားသည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ကိုလည်း ကျေပွန်ရမည်ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက **"နိုင်ငံသားများ၏ တာဝန်"** နှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြထားသည့် အမှတ်စဉ်(၄၁)မှ (၄၇)အထိ အချက်ခုနစ်ချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ်ချမှတ်ရန် သင့်တော်ပါကြောင်း တင်ပြအပ်ပါကြောင်း။

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းတွင် "နိုင်ငံတော်" ဟူသည့် စကားရပ်ကို ဖော်ပြသုံးနှုန်းထားသည်ကိုတွေ့ရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်တွင် စကားရပ်တစ်ခုချင်းအလိုက် အငြင်းပွားစရာ ဝိဝါဒ ကွဲပြားစရာမရှိအောင် တိတိကျကျ ဖော်ညွှန်းထားရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင်ပါဝင်သည့် "ဤအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကို သော်လည်းကောင်း ကျင့်သုံးသော အဖွဲ့စည်းကိုဆိုလိုသည်"ဟူ၍ အမှတ်စဉ်(၄၈)အား အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

လူသားတို့နှင့်ပတ်သက်သည့် အခြေခံအခွင့်အရေးသည် အဓိပ္ပာယ်ကြွယ်ဝလှပါကြောင်း၊ တစ်နေ့တခြားလည်းပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရပါကြောင်း၊ ၁၉၄၅ခုနှစ် အောက်တိုဘာလ ၂၄ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ကျောရိုးဖြစ်သည့် ပဋိညာဉ်စာတမ်းတွင် လူသားတို့၏ မူလအခွင့်အရေးနှင့်ပတ်သက်သည့် အသုံးအနှုန်းများကို သုံးနေရာခန့်တွင် တွေ့ရပြီး"အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း(Universal Declaration of Human Rights)"တွင် လူသားတို့၏ လူ့အခွင့်အရေးများကို ကျစ်ကျစ်လျစ်လျစ် ပြုစုထားသည့်အချက်ပေါင်း၃၀ ပါဝင်သည်ကို တွေ့ရပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင်ပါဝင်သည့် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း"ပါ အချက်များသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ "အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း"ပါ အချက်အလက် အများအပြားနှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရ၍ မိမိတို့အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဝမ်းမြောက်ကြိုဆိုမိပါကြောင်း တင်ပြလိုပါကြောင်း။

မိမိတို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အနေဖြင့် နိုင်ငံသားများ၏ တာဝန်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါကြောင်း။

- **(က) နိုင်ငံသားတိုင်းသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တို့ကို တန်ဖိုးထားလေးစားရန်နှင့် ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိသည်။**
- **(ခ) နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိသည်။**
- **(ဂ) နိုင်ငံသားတိုင်းသည် လူ့စွမ်းအားအရင်းအမြစ်(Human Resources)ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းကြဖို့ တာဝန်ရှိသည်။**
- **(ဃ) နိုင်ငံသားတိုင်းသည် အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ပေးရန် တာဝန်ရှိသည်။**

စသည့် အချက်များအား အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီး အောင်မြင်စေရေးရည်သန်လျက် ဦးတည်ချက်ခြောက်ရပ်ဘောင်အတွင်းမှာ အကြံပြုတင်ပြအပ်ပါကြောင်း။

ဆက်လက်ပြီး စာတမ်းဒုတိယပိုင်းဖြစ်သည့် တပ်မတော်အခန်းနှင့် စပ်လျဉ်းသည့်အပိုင်းကို အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးမန်းအောင်တင်မြင့်က ဖတ်ကြားတင်ပြသွားမည်ဖြစ်ကြောင်းတင်ပြရင်း စာတမ်းပထမပိုင်းကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။

အမျိုးသားညီလာခံကြီးအောင်မြင်ရန် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ဆက်လက်တက်ရောက်ပါဝင်ဆွေးနွေးအကြံပြုသွားရန်သန္နိဋ္ဌာန်ချမှတ်ထား

စာမျက်နှာ ၁၂ မှ

"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မှီငြမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်"ဟူသော အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းဆွေးနွေးချက်နှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးတင်ပြသွားမည်ဖြစ်ကြောင်း။

ယခင်ဆွေးနွေးသဘောတူပြီးဖြစ်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်ဖြစ်ပြီး လွှတ်တော်အသီးသီးတွင်ပါဝင်မည့် တပ်မတော်ကိုယ်စားလှယ်များကို ရွေးချယ်ပေးရမည်ဖြစ်ခြင်း၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးများအတွက် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းရသူဖြစ်ခြင်းတို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဝန်ကြီးအဆင့်ထက်မြင့်မှ လျော်ကန်သင့်မြတ်မည်ဖြစ်ပါကြောင်း၊ ကျိုးကြောင်းဆီလျော်မှုရှိမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ကို သဘောတူပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်ထားရာတွင်လည်း နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် ခန့်ထားရမည်ဖြစ်ကြောင်း ဖော်ပြချက်သည် နောင်အရှည် တစ်ဦးကောင်း တစ်ယောက်ကောင်း ကြီးစိုးခြယ်လှယ်မှုကို ဟန့်တားရာရောက်သဖြင့် အမြော်အမြင်ရှိရှိ ဆောင်ရွက်မှုဖြစ်သည်ဟု ခံစားရပါသဖြင့် ထောက်ခံပါကြောင်း တင်ပြအပ်ပါကြောင်း။

ထို့အပြင် တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင်ဆောင်ရွက်ခွင့် ရှိရမည်လည်းဖြစ်သဖြင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါကြောင်း။

တပ်မတော်သည် နယ်ဘက်စည်းကမ်းများကို လိုက်နာရသူများဖြစ်သကဲ့သို့ တပ်မတော်စည်းကမ်းကိုလည်း လိုက်နာရသူများဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့်ပြောရလျှင် နိုင်ငံတော်ကပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကိုလိုက်နာရသူများဖြစ်သကဲ့သို့ တပ်မတော်အက်ဥပဒေ၊ နည်းဥပဒေများကိုလည်းလိုက်နာရသူများဖြစ်ပါကြောင်း၊ ပိုပြီးရှင်းလင်းအောင်တင်ပြရလျှင် နယ်ဘက်မှာပြစ်မှုဆိုင်ရာဥပဒေနှင့် ဒေသန္တရဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေစသည့်ဥပဒေများဖြင့် ထိန်းကျောင်းကွပ်ကဲသကဲ့သို့ တပ်မတော်တွင် ၁၉၅၉ ခု တပ်မတော်အက်ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများဖြင့် ထိန်းကျောင်းကွပ်ကဲထားပါကြောင်း၊ တပ်မတော်အတွင်း တရားစီရင်ရာမှာလည်း တပ်မတော်သားများအား စစ်စည်းကမ်းအရအရေးယူဆောင်ရွက်ရာတွင် အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်အပြစ်ပေးခြင်း၊ စစ်တရားရုံးအဆင့်ဆင့်ဖြင့် စစ်ဆေးစီရင်၍ အပြစ်ပေးခြင်းဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်လောက်သည်အထိ မကြီးကျယ်သော အသေးအဖွဲ့ပြစ်မှုများ ဖြစ်ပါက မြန်မြန်ဆန်ဆန်နှင့် ထိထိရောက်ရောက် စစ်ဆေးနိုင်ရန် အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ပါကြောင်း၊ အမှုကြီးများတွင် ၁၉၅၉ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၁၀ အရ စစ်တရားရုံးချုပ်၊ အကျဉ်းစစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံးနှင့် တပ်တွင်းစစ်တရားရုံးများဖြင့် စစ်ဆေးစီရင်ပါကြောင်း၊ နောက်ဆုံးအဆုံးအဖြတ်ပေးရန်ပုဂ္ဂိုလ်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဥပဒေအရ အဆင့်ဆင့်တာဝန်ပေးအပ်ခြင်းခံရသူ အရာရှိကြီးများ ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် **"တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်"** ဟူသော အချက်ကိုလည်းကောင်း၊ **"စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်"** ဟူသော အချက်ကိုလည်းကောင်း အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုက်ပွဲဝင်ခဲ့ရသည့်တာဝန်၊ ပြည်တွင်းပြည်ပရန်ဟူသမျှကိုတွန်းလှန်ရသည့်တာဝန်တို့ကိုလည်းကောင်း၊ နောင်ပေါ်ပေါက်လာမည့် အခြေခံဥပဒေကပေးအပ်လာမည့်တာဝန်အဝဝတို့ကိုလည်းကောင်း အသက်ကိုပဓာနမထားဘဲ ဦးဆွေးဆံမြည့်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ စစ်သည်များ မစွမ်းမသန်ဖြစ်ခြင်း၊ ကျဆုံးသွားခြင်းပေါ်ပေါက်လာလျှင် ကျန်ရစ်သူ ဇနီးမယားသားသမီးများကို ထောက်ပံ့ရန် နိုင်ငံတော်၌တာဝန်ရှိသည်မှာ လူသားချင်းစာနာထောက်ထားမှု အရလည်းကောင်း၊ ကျေးဇူးရှိသူကို ကျေးဇူးပြုရာရောက်သော ကူညီမှုဆောင်ရွက်ရန် လူ့အဖွဲ့အစည်းများတွင်တာဝန်ရှိသည့် အလျောက်လည်းကောင်း ထောက်ပံ့ကူညီကြရမည်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ **"မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံး ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်"** ဟူသောအချက်ကို အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါကြောင်း။

နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေက တပ်မတော်ကို ပေးအပ်လာမည့် တာဝန်များထမ်းဆောင်ရင်း ကျဆုံးသူ၊ ဒဏ်ရာရသူ၊ မသန်မစွမ်းဖြစ်သူဖြစ်လာရမည်မှာ တပ်မတော်အတွက် နိယာမတရားဖြစ်ပါကြောင်း၊ ထိုသို့ ကောင်းကျိုးဆိုးကျိုးဖြစ်ပေါ်လာမှုကို ကျေကျေနပ်နပ် ခံယူရန်လည်း တပ်မတော်မှ အသင့်ဖြစ်နေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ပေးအပ်လာမည့် မေတ္တာတရားနှင့် စေတနာတရားများကို အထက်အပိုဒ်မှာပါသည့် အတိုင်း ခံယူပြီး နောင်တပ်မတော်မှာလည်း နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ပြန်လည်ပေးဆပ်ရမည့်တာဝန်များကိုလည်း ပေးဆပ်ပါလိမ့်မည်။ ဤသည်မှာ တပ်မတော်မှာရှိပြီးဖြစ်သည့် နိုင်ငံတော်အပေါ်ထားရှိသည့်စေတနာ၊ မေတ္တာနှင့် လုပ်အားများဖြစ်ပါကြောင်း၊ ထို့ကြောင့် **"နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်"**ဟူသော အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် "နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များဆိုင်ရာအခန်း"နှင့် "တပ်မတော်အခန်း"တို့အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးကို သက်သေသာဓက၊ သမိုင်းအထောက်အထား၊ ပကတိဖြစ်ရပ်များနှင့် နိုင်ငံတကာ အခြေအနေအရပ်ရပ်တို့အပြင် နောင်ဖြစ်ပေါ်လာနိုင်သည့် အနေအထားများကို ထောက်ရှုလျက် ဝိုင်းဝန်းကြိုးပမ်း ညှိနှိုင်းပြုစုကာ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

မိမိတို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အနေဖြင့် နောင်ပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အထောက်အကူဖြစ်စေရေးရည်ရွယ်လျက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းလည်း ဖြစ်ပါကြောင်း၊ မိမိတို့အစုအဖွဲ့၏ထူးခြားချက်များနှင့်အညီ တိုင်းရင်းသား ညီအစ်ကိုများ၏ စည်းလုံးညီညာမှုကိုလည်း ပြသနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်မှာပါဝင်သည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းခေါင်းစဉ်၏ ရှင်းလင်းချက်၄၈ချက်၊ တပ်မတော်အခန်းခေါင်းစဉ်၏ ရှင်းလင်းချက် ၁၄ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံပါကြောင်း တင်ပြပြီးဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မတင်ပြမီတွင် အထူးပြောကြားလိုသည့်အချက်မှာ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် ယခုအမျိုးသားညီလာခံတွင်လည်းကောင်း၊ ယခင်ကကျင်းပသည့် အမျိုးသားညီလာခံများတွင်လည်းကောင်း မိမိတို့ကိုယ်စားလှယ်များ၏ နေရေးထိုင်ရေးကအစ ကိစ္စအဝဝကို ဆောင်ရွက်ပေးကြသည့် တပ်မတော်သားများ၊ ဝန်ထမ်းများသည် တာဝန်အရ ဆောင်ရွက်ခြင်းသာမဟုတ်ဘဲ စေတနာအပြည့်နှင့်ဆောင်ရွက်ပေးကြသည်ကိုတွေ့ရပါကြောင်း၊ ယခုကဲ့သို့ကိုယ်စားလှယ်များအတွက် လိုလေသေးမရှိဖြည့်ဆည်းပေးသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ စီမံခန့်ခွဲမှုကော်မတီ၊ လုပ်ငန်းကော်မတီနှင့်အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်တို့အားအထူးကျေးဇူးတင်ရှိပါကြောင်းအခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များကိုယ်စား ပြောကြားလိုပါကြောင်း။

အမျိုးသားညီလာခံ၏ အဓိကလုပ်ငန်းစဉ်များဖြစ်သည့် အစုအဖွဲ့အစည်းအဝေးများတွင် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဆွေးနွေးခွင့်၊ အချင်းချင်း တိုင်ပင်ရင်းနှီးခွင့်များရရှိခဲ့သည့် အတွက်လည်း အကောင်းဆုံးဟုခေါ်ဆိုနိုင်သည့် အကြံပြုချက်စာတမ်းများရရှိခဲ့ခြင်းဟု သုံးသပ်မိပါကြောင်း၊ ထို့ကြောင့် ခေတ္တခွဲခွာရမည်မှန်း သိသော်လည်း ကိုယ်စားလှယ်ကြီးများနှင့် ပြန်လည်တွေ့ဆုံရန် မျှော်လင့်နေမည်ဖြစ်ပါကြောင်း ပြောကြားလိုပါကြောင်း။

အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ရပ် ဘောင်အတွင်းမှနေ၍ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်စေရန် "စစ်မှန်သော မျိုးချစ်စိတ်ဓာတ်" အပြည့်ဖြင့် ဆက်လက်တက်ရောက် ပါဝင်ဆွေးနွေးအကြံပြုသွားရန် သန္နိဋ္ဌာန်ချမှတ်ထားပြီး တပ်မတော်နှင့်အတူ လက်တွဲ၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပန်းတိုင်သို့ အရောက်ချီတက်ကြရန် ဆန္ဒပြုရင်း မိမိတို့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။

စာပေလောကသားများအတွက် အမျိုးသားရေးတာဝန်

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

စာရေးသူတို့ငယ်စဉ် ၁၉၅၀ ပြည့်နှစ်တစ်ဝိုက်က မြစ်ဝကျွန်းပေါ်ဒေသတွင် ရောင်စုံသောင်းကျန်းမှုများ လွှမ်းမိုးနေသည်။ ပစ်ခတ်သံများကြားမှ သက်စွန့်ဆံဖျား အသက်မွေးခဲ့ရသည်။ ငယ်စဉ်ဘဝ ပညာဗဟုသုတလည်း ခဲရာခဲဆစ်ရှာမှီးခဲ့ရသည်။ ထိုစဉ်က တောနှင့်မြို့ အဆက်အသွယ်ကလည်း ဝေးခဲ့ကြသည်။ ဗဟုသုတရရှိဖွယ်ရာ စာစောင်များကလည်း ရှားပါးလှသည်။ ရွာဦးက ဘုန်းတော်ကြီးကျောင်း၏ကျေးဇူးကြောင့် စာအုပ်ဟောင်းကလေးတချို့ ရရှိခဲ့သည်။ ဘာသာစာပေကိုတော့ ငယ်စဉ်ကပင် သင်ကြားခဲ့ရပါသည်။ ဘုန်းတော်ကြီးမူလတန်းကျောင်းတွင် ပညာစတင်သင်ကြားခဲ့ရသည်။ ထိုစဉ်က ဖတ်စရာ မှတ်စရာ ဟူ၍ မြဝတီ၊ သွေးသောက်၊ ရှုမဝ၊ ဘားမားစတား၊ ဖလင်စတားတို့ကို လူကြုံဖြင့်မှာယူ၍ ဖတ်ရှုခဲ့ရသည်။

စာရေးသူတို့၏ ဘဝတိုးတက်ရေးသည် မြန်မာစာပေနှင့် ထေရဝါဒဗုဒ္ဓသာသနာအပေါ်တွင် တည်မှီခဲ့ပါသည်။ ကျောင်းသားကြီးဘဝ ရောက်လာတော့ ပေလေးပင် ရှင်လေးပါးအကြောင်း မြန်မာစာပေတွင် သင်ကြားခဲ့ရ၍ မြန်မာစာပေအတွက် ဂုဏ်ယူမဆုံးဖြစ်နေရပါသည်။

မြန်မာစာပေ ထွန်းကားခဲ့ရာ ဒေသတစ်ခုကို ဖော်ပြပါဟုဆိုလျှင် တောင်တွင်းကြီးမြို့ရှိ နတ်မီးလင်းတောရကျောင်းကို ဖော်ပြလိုပါသည်။ ကျောင်းထိုင်ဆရာတော် ရှင်သီလာစာရဘိဓဇ၏ လက်ထက်မှစ၍ မြန်မာစာပေအကျော်အမော် ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်ခေမာဟူ၍ ပေလေးပင် ရှင်လေးပါးဘွဲ့ခံ အင်းဝခေတ် စာပေအကျော်အမော်များအဖြစ် ဂုဏ်ကျေးဇူးမြင့်မားစွာ ပေါ်ထွန်းလာခဲ့ပါသည်။

"သဒ္ဒါမှာ ရှင်မဟာကစ္စည်း၊ ကဗျာမှာ ရှင်မဟာသီလဝံတည်း"ဟူ၍ တင်စားသမုတ်ခဲ့ကြရသော အရှင်သီလဝံသမထေရ်သည် ဂုဏ်ရသနှင့် ပြည့်စုံကုံလုံသော ပျို့၊ ကဗျာ၊ မော်ကွန်း၊ လင်္ကာ၊ ရတု၊ ရာဇဝင်၊ ကျောက်စာများကို ရေးထိုးခဲ့သည်။ ပါရမီတော်ခန်းပျို့ကိုလည်း စပ်ဆိုခဲ့သည်။

ပါရမီတော်ခန်းပျို့မှာ သိမ်မွေ့နက်နဲလွန်း၍ တော်ရုံတန်ရုံ ဉာဏ်ပါရမီရှိသူတို့ လက်လှမ်းမမီနိုင်ခြင်းကြောင့် "ပါရမီမသီနှင့်" ဟူ၍ပင် ပညာရှင်တို့က ဆိုစမှတ် ပြုခဲ့ကြပါသည်။

ရှင်ဥတ္တမကျော်သည် အင်းဝတွင် သီတင်းသုံးနေစဉ် "နာမည်ကြီးခုံတော်မောင်ကျာဘမ်း"ကို စကားအရာ၌ နိုင်နင်းစွာဆုံးမနိုင်သဖြင့် မူလဘွဲ့မည် ရှင်ဥတ္တမမှ ရှင်ဥတ္တမကျော်ဟု ခေါ်တွင်ခြင်း ခံခဲ့ရလေသည်။ ဆရာတော်သည် ကျေးရွာများ၌သာ သီတင်းသုံး၍ တောလားနှင့် စာပေကျမ်းဂန် အမြောက်အမြားရေးသားပြုစုခဲ့သည်။ အင်းဝဘုရင် ဒုတိယမင်းခေါင်က ဆရာတော်အား အင်းဝတွင် သီတင်းသုံးရန်လျှောက်ထားသော်လည်း လက်မခံဘဲ တောင်တွင်းကြီး၌သာ သီတင်းသုံးတော်မူခဲ့သည်။

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ တပေါင်းလအခါတွင် တောလမ်းခရီးမှ ကြွခဲ့ဖူးသည်။ ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ ဖခင်သုဒ္ဓေါဓနမင်းကြီးနှင့် ဆွေတော်မျိုးတော်တို့အား တရားဟောကြားရန် ကြွရောက်ခြင်းဖြစ်သည်။ တပေါင်းလ၏ တောတောင် ရေမြေသည် အလွန်လှပသည်ဖြစ်ရာ တောလမ်းခရီးမှကြွလာသော ဘုရားရှင်နှင့် သံဃာတော်တို့လည်း စိတ်ကြည်နူး ချမ်းမြေ့ကြသည်။ ကာဠုဒါယီမထေရ်သည် မြတ်စွာဘုရားသခင်အား စတင်လျှောက်ထားစဉ်ကပင် တပေါင်းလ၏ သာယာပုံများကို ထုတ်ဖော်ဂါထာဖွဲ့၍ လျှောက်ထားခဲ့ခြင်းဖြစ်သည်။ ဂါထာပုဒ်ရေပေါင်း ၆၄ ပုဒ်ရှိသည်။ မှတ်ရလွယ်အောင် ဂါထာခြောက်ဆယ်ဟုခေါ်သည်။ နောင်ခေတ်တွင် ရဟန်းစာဆိုရှင်အုန်းညိုက "ဂါထာခြောက်ဆယ်ပျို့"ဟူ၍ စာပေဖွဲ့ပြီး ရေးသားပြုစုခဲ့ရာ မြန်မာစာပေတွင် အလွန်ထင်ရှားပါသည်။

"ရွှေနှိုင်းပိတောက်၊ လဲနှင့်ပေါက်လည်း၊ တောက်သည့် မီးရောင်၊ ပြောင်ပြောင်ညီးညီး၊ ပန်းတောင်ကြီးသို့၊ ခရီးတောဝယ်၊ မြိုင်အလယ်၌"ဟူ၍ တပေါင်းလအခါတောလမ်းခရီး၌ ပန်းတို့ပွင့်နေကြပုံကို ရှင်အုန်းညိုက စာဖွဲ့ခဲ့ပါသည်။ ဆရာတော်သည် ပိဋကတ်ကျမ်း မြောက်မြားစွာကို ရေးသားခဲ့ပါသည်။

ရှင်ခေမာသည် ရှင်မဟာသီလဝံသတို့နှင့်အတူ စာပေကျမ်းဂန်များ တတ်ကျွမ်းခဲ့သည်။ "စကြာမင်း၏သားသည် ရွှေငွေရတနာတို့ကို မတောင့်တ၊ အဖဆောင်းသောထီးဖြူကိုသာ လိုလားတောင့်တဘိသကဲ့သို့ ငါသည်လည်း ဘုရားသားတော်ပီပီ အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူကိုသာ ဆောင်းတော့အံ့ဟု ရွယ်ချူကာမှန်းထား၍ ရှုတင်တစ်ဆယ့်သုံးပါး၊ ဝိပဿနာတရားများကို အထူးအားထုတ်လျက် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နှင့်သာ ဒေသအနှံ့လှည့်လည်ကာ စာပေကျမ်းဂန် ပိဋကတ်တော်များကို ဟောကြားပြီး သာသနာပြုခဲ့သည်။

မြန်မာစာပေသည် လွန်ခဲ့သော ဘီစီ ၆ ရာစု(နှစ်ပေါင်း ၂၅၀၀)ကျော်က ပွင့်တော်မူခဲ့သည့် ဗုဒ္ဓသာသနာတော်ကို အမှီပြု၍ ပါဠိစာပေ၊ သက္ကတစာပေ၊ ပျူစာပေတို့ကို အခြေခံပြီး ပေါ်ပေါက်လာခဲ့ပြီး အလွန်တရာ ထူးခြားလေးနက်သည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးကြပ်၍ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်သည့် ပထမအကြိမ် ၂၀၀၄ ခုနှစ်အတွက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယခုနှစ် ဇန်နဝါရီလ၁၄ရက်နေ့ မွန်းလွဲ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကအမှာစကားပြောကြားရာတွင်–

"ယနေ့ခေတ်သည် ပညာခေတ် Knowledge Age ဖြစ်ပြီး ပညာရပ်နှင့် နည်းပညာများသည် ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို စာပေပညာရှင်ကြီးများ အသိပင်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း၌ လူ့ဘောင်၏ လုပ်ငန်းဆောင်တာမှန်သမျှကို နည်းပညာဖြင့် စေစားသုံးနေသောကာလတွင် နည်းပညာနယ်ပယ်၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်းအောင်မလိုက်နိုင်လျှင် နိမ့်ကျ၊ နောက်ကျ ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မြန်မာ့လူ့ဘောင်ကို အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း (Live Long Learning Society) ဖြစ်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးလမ်းညွှန်ပြီး အနာဂတ် လူငယ်များအား နည်းပညာဖွံ့ဖြိုးမြင့်မားရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့်ကာလတွင် ယခုကဲ့သို့ သုတစွယ်စုံစာပေဆုချီးမြှင့်ခြင်းသည်နိုင်ငံတော်၏ အမျိုးသားရေးတာဝန်တစ်ရပ်ကို ဖြည့်ဆည်းဆောင်ရွက်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းလည်းဖြစ်၍ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြု ဂုဏ်ပြုချီးကျူးလိုပါကြောင်း။

သုတစာပေ ရေးသားထုတ်ဝေသူများသည် မိမိတို့၏ ကိုယ်ကျိုးစီးပွားကိုသာ အဓိကမထားဘဲနိုင်ငံနှင့်လူမျိုးအကျိုးကို စာပေဖြင့် အကျိုးပြုခြင်းဖြစ်ကြောင်း၊သုတစာပေသည် အခြားစာပေများထက် အဆိပ်အတောက်ကင်းစင်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသဖြင့် နိုင်ငံတော်ကို ရာနှုန်းပြည့် အကျိုးပြုကြောင်း၊ ယခုသုတစွယ်စုံစာပေဆုချီးမြှင့်ခြင်းသည် သုတစာပေရေးသားသူနှင့် ထုတ်ဝေသူများကို အားပေးမြှင့်တင်ရာရောက်ပြီးသုတစာပေများ ဆက်လက်ရေးသားထုတ်ဝေကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။"

ပြောကြားခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက မြန်မာစာပေ၏ အတိမ်အနက်ကို အစဉ်သင်ယူနေသော မြန်မာ့လူ့ဘောင်အတွက်အကျိုးရှိရန် ရှင်းလင်းစွာထောက်ပြထားပါသည်။ စာပေအကျိုးဆောင်ရွက်နေခြင်းသည် မြန်မာ့လူ့ဘောင်ကို မြင့်မားစေသဖြင့် အမျိုးသားရေးစွမ်းဆောင်ရည်တစ်ခုပင် ဖြစ်ပါသည်။ ရေးသားသူ၊ ထုတ်ဝေသူများကိုလည်း အားပေးပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျပါသည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများကို နည်းပညာဖွံ့ဖြိုး တိုးတက်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ ပညာရေးရည်မှန်းချက်မှာ အနာဂတ်ပညာများနှင့်နည်းပညာများ၏စိန်ခေါ်မှုကိုရင်ဆိုင်နိုင်မည့် အံဝင်ခွင်ကျဖြစ်သော မြန်မာ့ပညာရေးစနစ် ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့အခါတွင် အခြေခံပညာအဆင့်၊ အဆင့်မြင့် ပညာအဆင့်များတွင် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့နေထိုင်ရာဒေသများ၌ပင် လွယ်လွယ်ကူကူ သက်သက်သာသာဖြင့် ပညာသင်ယူနေနိုင်ကြပြီ ဖြစ်ပါသည်။ နိုင်ငံတကာအဆင့်မီဘာသာရပ်များကိုလည်း ဆည်းပူးနိုင်ကြပြီ ဖြစ်ပါသည်။ ပညာရေးသည် ကမ္ဘာ့အဆင့်မီ သင်ရိုးညွှန်းတမ်းများအတိုင်း မြန်မာ့လူ့ဘောင်နှင့်ကိုက်ညီအောင် စီမံရေးဆွဲထားပြီး အချိန်ရသည်နှင့်အမျှ တက္ကသိုလ်၊ ကောလိပ်များ၏ အရည်အသွေးသည် ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။ ကျောင်းသား၊ကျောင်းသူများ၏ ပညာရေးကို နိုင်ငံတော်က ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ကျန်ပြည်သူလူထုတစ်ရပ်လုံး၏ ပညာဗဟုသုတဖွံ့ဖြိုးတိုးတက်ရေးကိုမူ ပြည်သူလူထုနှင့် စာပေလောကသားများက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် မြို့ပြလူထုသာ ဖွံ့ဖြိုးတိုးတက်ရုံဖြင့်မဖြစ်နိုင်ဘဲ ကျေးလက်ပြည်သူလူထုပါ နည်းပညာဗဟုသုတဖွံ့ဖြိုးရန် အရေးကြီးပါသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူလူထု စာဖတ်သည့်အလေ့အကျင့်များ တိုးပွားလာစေရန်နှင့် စာအုပ်စာပေများ လက်လှမ်းမီစေရန် နိုင်ငံတော်၏အား၊ ဒေသခံပြည်သူလူထု၏အားနှင့် စေတနာရှင်များ၏အားဖြင့် ပေါင်းစပ်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ ထိုရည်မှန်းချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေးဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်းခြောက်သောင်းကျော်အနက် ယခုနှစ် ဇန်နဝါရီလ၁၉ရက်နေ့အထိ ကျေးရွာ စာကြည့်တိုက်ပေါင်း ၄၈၆၆၇ ဖွင့်လှစ်ပြီး ဖြစ်ပါသည်။ ကျန်ကျေးရွာများကိုလည်း ယခု ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း အပြီးဖွင့်လှစ်သွားရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ဒေသအသီးသီးတွင် သက်ဆိုင်ရာဒေသ အာဏာပိုင်များအစီအစဉ်ဖြင့် စာအုပ်လှူဒါန်းပွဲများ ပြုလုပ်လှူဒါန်းနေခြင်းများ ရှိသကဲ့သို့ ရန်ကုန်မြို့တွင် စာအုပ်နှင့်ငွေပဒေသာပင်လှူဒါန်းပွဲ ရှစ်ကြိမ်ပြုလုပ်ခဲ့ရာ စေတနာရှင် ၆၀၀ကျော်က စာအုပ်စာတမ်းပေါင်း ၁၇၄၈၆၃၄ အုပ်နှင့် ငွေကျပ် ၅၂၉သိန်းအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၆၀၀ကျော်ဖိုး လှူဒါန်းခဲ့ကြပါသည်။

ကျေးလက်နေ ပြည်သူလူထု ဗဟုသုတမြင့်မားရေးအတွက် နိုင်ငံတော် စေတနာရှင်နှင့်ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်ခြင်း၏ အောင်မြင်မှုပင်ဖြစ်ပါသည်။ စာပေစိစစ်ရေးအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ စည်းလုံးညီညွတ်ရေး၊ ဘာသာရေး၊ ပုဂ္ဂိုလ်ရေးကို ထိခိုက်စေမည့် ရေးသားမှုမျိုးမှအပ လွတ်လပ်စွာရေးသားထုတ်ဝေခွင့် ပြုလျက်ရှိပါသည်။ အမျိုးသားအကျိုးစီးပွားကို မထိခိုက်စေဘဲ စာပေလောကနှင့် စာပေစိစစ်ရေးတို့ ညီညွတ်မျှတစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ပုဂံခေတ်တွင် ရေးထိုးခဲ့ကြသော ကျောက်စာ၊ မင်စာတို့သည် မြန်မာစာပေတွင် မြင့်မားထင်ရှား၍ ပုဂံဂူဘုရားများကဲ့သို့ပင် ဆန်းကြယ်ခဲ့သည်ကို တွေ့ရသည်။ အေဒီ ၁၀၄၄-၁၀၇၇တွင် မဟာရာဇာသီရိအနုရုဒ္ဓဒေဝဘွဲ့မည်ခံ အနော်ရထာမင်းကြီးနှင့် ရှင်အရဟံမထေရ်တို့က ပထမမြန်မာနိုင်ငံတော်ကြီးဖြစ်သော ပုဂံနေပြည်တော်ကြီးတွင် ဗုဒ္ဓသာသနာကို နေလိုလလို ထွန်းတောက်လာအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ထို့အတူ မြန်မာစာပေသည်လည်း ဗုဒ္ဓသာသနာကိုမှီ၍ တစ်ရှိန်ထိုး တိုးတက်လာခဲ့သည်။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်လာမှုအပေါ်တွင် နိုင်ငံတော်က အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများ နှစ်စဉ်ချီးမြှင့်လျက်ရှိသကဲ့သို့ သုတစွယ်စုံစာအုပ်တိုက်က သုတစွယ်စုံစာပေဆု၊ ပခုက္ကူဦးအုံးဖေက ပခုက္ကူဦးအုံးဖေစာပေဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးလျက် ရှိပါသည်။

သို့ဖြစ်ရာ ရေးပဝေသဏီကတည်းက ဖြစ်တည်ရှင်သန်လာခဲ့သော မြန်မာစာပေကို အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ ပြည်သူများ လိုလားတောင့်တနေသော ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် လည်းကောင်း၊ မိမိတတ်ကျွမ်းရာ စာပေကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန်မှာ စာပေလောကသားများအတွက် အမျိုးသားရေးတာဝန်ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပန်းအလှပင်ပျိုးထောင်

ဇန်နဝါရီ ၂၃ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(ဝ၄ဝ)

ကွန်ကရစ်ရေမြောင်းတံတား

တန့်ယန်းမြို့ မြို့ပတ်လမ်းဆေးရုံရှေ့တွင် ကွန်ကရစ် ရေမြောင်းတံတား တည်ဆောက်ခြင်းကို ဇန်နဝါရီ၁ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်ဇော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

အမရပူရမြို့ အေးချမ်းအောင်မြင်စေတီအုတ်မြစ်တော်စီမင်္ဂလာကျင်းပ

မန္တလေး ဇန်နဝါရီ ၁၈

မန္တလေးမြို့ အမရပူရမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ သန္တာ၀တီ (စွယ်တော်) သီလရှင်ပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်သော အေးချမ်းအောင်မြင်စေတီတော် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် နာယက (ရွှေကျင်) ဆရာတော် ဦးဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်သံဃာတော်များက သတ်မှတ်နေရာအသီးသီးတွင် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်တို့ကို စီတော်မူကြပြီး ရွှေမိုး ငွေမိုးရွာသွန်းဖြိုးကြသည်။ **(ဝဲပုံ)**

ဆက်သွယ်လှူဒါန်း

အဆိုပါ အေးချမ်းအောင်မြင်စေတီတော်ကို အလှူရှင် ရန်ကုန်မြို့နေ ဆိုးပြားစက်ရုံပိုင်ရှင် ဦးသိန်းဝင်း-ဒေါ်ကျင်လှ မိသားစုနှင့် ဒါယကာ ဒါယိကာမများ စုပေါင်း တည်ထား ကိုးကွယ်ခြင်းဖြစ်ပြီး ပါဝင်လှူဒါန်းလိုသူများ သန္တာ၀တီ စာသင်တိုက် ဦးစီးနာယကဆရာကြီး ဒေါ်ဧကေစာရီ နှင့် ဒေါ်ကလျာဏဉာဏီ ဖုန်း ၀၂-၅၄၉၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဇန်နဝါရီ ၅ ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းဥယျာဉ် အတွင်းသာယာလှပရေးဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာဦးတင်အောင်ဌေးတို့က မြို့သာယာလှပရေးအတွက် ပန်းအလှပင်များ ပျိုးထောင်ထားမှုကို ရှင်းလင်း တင်ပြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ

၁-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဠဝကသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ဝိသေသထူးများ-ဒေါ်စောမုံညင်း)

၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (စိတ်စွမ်းအားထက်မြက်စေဖို့-အောင်သစ်)

ညနေပိုင်း

၁၆:၃၀ ထီပေါက်စဉ်

၁၇:၃၀ အစာနှင့်အာဟာရ (မန္တလေးမြို့မှမန္တလေးမုန့်တီ)

၁၇:၄၅ သူ့လက်သံ (အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်၏ ပတ္တလားလက်သံ)

၁၇:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) Youth လူငယ်မဂ္ဂဇင်း အတွဲ(၁) အမှတ်(၁)
(၂) ဘဝရသစုံစာစုဝတ္ထုတိုများ-မင်းရိုးယဉ်စီစဉ်သည်။

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (နာဆာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မေဆွိနှင့်မီမီဝင်းဖေတို့၏ မင်းမချစ်တဲ့နေ့တေးစီးရီး)



ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လှိုင်ဂါတ်လမ်း ကတ္တရာအဆင့်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ၃ရက်က ပဲခူးတိုင်း (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် အင်ဂျင်နီယာမှူးဦးမြတ်ဟန်ဝင်းတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့အဝင်ဆိုင်းဘုတ်နှင့် မြေခင်းအလှကို ဇန်နဝါရီ ၉ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း စိန်ရတုတရားပွဲနှင့်ဓမ္မပူဇာဆုနှင်းပွဲ

မော်လမြိုင် ဇန်နဝါရီ ၂၀

မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းကကြီးမှူး၍ ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် ဓမ္မသဘင်တရားပွဲကို ဖေဖော်ဝါရီ ၂ရက်မှ ၇ရက်အထိ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း မြို့ပေါက်ဝတရားပွဲမဏ္ဍပ်တွင် ကျင်းပပြီး နာယကဆရာတော်များ၊ နိဗ္ဗဒ္ဓဆရာတော်များနှင့် စာအောင်သံဃာတော်များအား မြို့လှည့်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၅ရက်တွင်လည်းကောင်း၊ နာယကဆရာတော်များ၊ နိဗ္ဗဒ္ဓဆရာတော်များ ပူဇော်ပွဲနှင့်စာအောင်သံဃာ ဓမ္မပူဇာဆုနှင်းသဘင်ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် မော်လမြိုင်မြို့ တောင်ပေါက်ကျောင်းဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(၁၆၈)**

စာကြည့်တိုက်ရေရှည်တည်တံ့ရေးဆွေးနွေး တောင်ကြီးတွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ပညာရေးကောလိပ်၌ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက်၉ နာရီက ပညာရေးကောလိပ် ပညာရတနာခန်းမ၌ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးချီမောင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် ဦးစီးအရာရှိ ဦးချီမောင်က ပြန်ကြားရေးဝန်ကြီးဌာန အကြောင်း သိကောင်းစရာ၊ ညောင်ရွှေမြို့နယ် ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေးနှင့် မျိုးတူစုအကြောင်းကို လည်းကောင်း၊ တောင်ကြီးမြို့နယ်ဦးစီးမှူး ဒေါ်နန်းဦးခမ်းက စာပေဆိုင်ရာ ပစ္စည်းထိန်းသိမ်းနည်းနှင့် မှတ်ပုံတင်ခြင်း အကြောင်း သိကောင်းစရာများ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ရေးအကြောင်း တို့ကို ဆွေးနွေးကြသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ တောင်ကြီး ပညာရေးကောလိပ်မှ ဆရာ ဆရာမများနှင့် ကျေးလက်ဒေသမှသင်တန်းသူ ၂၆၀ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပင်လည်ဘူးမြို့ ဗိုလ်ချုပ်လမ်းတွင် စက်ယန္တရားဖြင့် လမ်းဘေးဝဲယာရေမြောင်းတူးဖော်ခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်ဆွေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

သန့်ရှင်းရေးဆောင်ရွက် ပန်းအလှပင်များပြုပြင်

မြစ်ကြီးနား ဇန်နဝါရီ ၁၄

မြစ်ကြီးနားမြို့ မြို့သစ်နာရီစင်ကြီးမှ ဆွမ်ပရာဘွမ်လမ်းအထိ လမ်းဘေးဝဲယာ တစ်လျှောက်တွင် မြို့သန့်ရှင်းသာယာရေးနှင့် စိုက်ပျိုးထားသော ပန်းများ ဖူးပွင့်စေရေးတို့အတွက် ဒီဇင်ဘာ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့လက်ထောက်အင်ဂျင်နီယာဦးမျိုးအေးလွင် ဦးဆောင်သောအဖွဲ့ ဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ပန်းပင်များ ပြုပြင်ခြင်းတို့ကို အမှုဆောင်အရာရှိ ဦးအေးဆွေကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ကြည့်ရှုစစ်ဆေး

သာပေါင်း ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်း သာပေါင်း စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့်အဖွဲ့သည် ဇန်နဝါရီ ၆ရက်က သာပေါင်းစည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များကို ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သူဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်ဖြူတို့က ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များနှင့် အရိပ်ရပင်များပျိုးထောင်ထားမှုများကို ပြန်လည်ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဦးအောင်ဇံဝေလမ်းဘေးဝဲယာ တစ်လျှောက် ကပ်တုံးများပြုလုပ်မှုကို ဒီဇင်ဘာ ၂၅ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသာအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်စိုးတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

ဆုပေးအပ်ချီးမြှင့်

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် ပေါင်မြို့နယ် ရဲတပ်ဖွဲ့မိသားစု အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ပေါင်မြို့ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်ရင်မောင်လွင်က ဆုရတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးညိုမြို့ ဖုတ်လူးရွာသစ်ကျေးရွာရေတွင်းဖွင့်

မိုးညို ဇန်နဝါရီ ၁၀

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၅-၂၀၀၆ ခုဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်း(အနောက်ပိုင်း) မိုးညိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် တူးဖော်ဆောင်ရွက်ပေးခဲ့သော ဖုတ်လူးရွာသစ်ကျေးရွာ ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်ကကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိတို့က ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲ တိုင်းမှူးဗိုလ်ချုပ်သာအေး တက်ရောက်ပျိုးထောင်ပေး

ရန်ကုန် ဇန်နဝါရီ ၃၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ တိုင်းရဲတပ်ဖွဲ့ရုံး၌ ကျင်းပသည့် စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲနှင့် သရုပ်ပြပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်က စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုနှင့် ပျိုးဥယျာဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ခြံစည်းရိုး ကြက်ဆူပျိုးစေ့၊ ပျိုးကိုင်း၄၅၀၀၀ကို စုပေါင်းပျိုးထောင်ပေးကြပြီး ကြက်ဆူစေ့များကို ကျေးရွာသုံး ဆီညှစ်စက်ဖြင့် လက်တွေ့သရုပ်ပြထုတ်လုပ်မှု၊ကြက်ဆူဆီသုံး မီးဖိုဖြင့် ချက်ပြုတ်ကြော်လှော်မှု၊ ရေစက်၊ မီးစက်များအား ကြက်ဆူဆီသုံး၍ရေတင်ခြင်း၊မီးထွန်းခြင်းလုပ်ငန်း များဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် ဝက်လက်မြို့နယ် လှတောကျေးရွာသို့ ရောက်ရှိပြီး လှတောကျေးရွာ စိုက်ပျိုးရေး ပညာပေးစခန်းဝင်းအတွင်း၌ ကျင်းပသည့် ခြံစည်းရိုး ကြက်ဆူပင် ပျိုးပွဲသို့ တက်ရောက်အမှာစကား ပြောကြားကာ တက်ရောက်လာကြသူများနှင့်အတူ ကြက်ဆူပျိုးစေ့၄၀၀၀၀ကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်ပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာ တဂဏန်းစခန်း၌ ကျင်းပသည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခြံစည်းရိုး ကြက်ဆူပင် ပျိုးထောင်ပွဲသို့ တက်ရောက်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်လတ်ကခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ရွှေဘိုခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းက ရွှေဘိုခရိုင်၏ ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ကြက်ဆူပျိုးစေ့ ၈၅၀၀၀နှင့် ပျိုးကိုင်း ၁၅၀၀၀ကို စုပေါင်းပျိုးထောင်ပေးကြကာကြက်ဆူဆီအသုံးပြု၍ လယ်ယာသုံး စက်ကိရိယာများမောင်းနှင်အသုံးပြုမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး အတွက် ထာဝရ ဆွမ်းပဒေသာပင် အဖြစ် တိ–နိ ဂုဏ်ထူးဆောင်နာယကကြီး ဦးလှမောင်–ဒေါ်လှစိန်၊ သားသမီးမြေးတစ်စုက ကျပ်တစ်သိန်း၊ ဦးသင်းမောင်–ဒေါ်လှရွှေ မိသားစုက ကျပ်တစ်သိန်း၊ ဦးခင်မောင်အေး–ဒေါ်ကြည်ကြည်သန်းမိသားစုက ကျပ်တစ်သိန်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးကျော်အေး– ဒေါ်ခင်မေ မိသားစုနှင့် ဓမ္မမိတ်ဆွေရှစ်ဦးတို့က ကျပ်တစ်သိန်း စုစုပေါင်း ကျပ်လေးသိန်းကိုလှူဒါန်းရာ အဂ္ဂမဟာ သီရိသုဓမ္မဇောတိကဓဇ ဦးစောမြင့်က လက်ခံယူပြီး ဂုဏ်ပြုလွှာများပေးအပ်စဉ်။ (က–ပ)

ဇန်နဝါရီ ၁၇ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အမှတ်(၇) ရပ်ကွက် ဓမ္မာရုံ၌ ရပ်ကွက်အတွင်းရှိ အသက် နှစ်နှစ်မှ ငါးနှစ်ကလေးများအား သန်ချဆေးတိုက်ကျွေးစဉ်။ (က–ပ)

တိုက်ကြီးမြို့ ဌာနာလမ်း ကတ္တရာလမ်းခင်း

တိုက်ကြီး ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများကောင်းမွန်ရေးအတွက်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ရက်က တိုက်ကြီးမြို့ ဌာနာလမ်း ကတ္တရာလမ်းခင်းခြင်းအရှည်ပေ ၆၅၀၊ အကျယ် ၁၂ပေ လမ်းခင်းဆောင်ရွက်နေမှုကို မြို့နယ်စည် ပင်သာယာရေးအဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ထွန်း ကြီးကြပ်ပေးသည်။

(မြို့နယ်စည်ပင်)

ဇန်နဝါရီ ၂၁ ရက်က အမက (၁၈)တာမွေမြို့နယ်တွင် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား၌ စတုတ္ထတန်း(ခ)မှ တတိယဆုရ မောင်ထက်ဦးဝဏ္ဏအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေက ဆုချီးမြှင့်စဉ်။ (က–ပ)

ကွမ်းခြံကုန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၃၀

ကွမ်းခြံကုန်း မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်အဆင့်ဆုရထူးချွန်ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် မြို့ဖွံ့ဖြိုးရေးအလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင်ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း(ဗဟန်း၃လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် ပူဇော်ခံမည့် အသက်(၇၅)နှစ်နှင့်အထက် အသင်းသူ အသင်းသားများသည် လည်းကောင်း၊ ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရရှိသူများသည်လည်းကောင်း ဖေဖော်ဝါရီ ၁၆ ရက်နောက်ဆုံးထား၍ ဦးစိုးညွန့် (ဦးစီးနာယက) ဖုန်း–၂၂၄၅၈၀၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း–၂၄၆၁၄၀၊ ဦးမြင့်ကြည်(အတွင်းရေးမှူး)ဖုန်း– ၂၂၁၀၁၇၊ ဦးစန်းအောင်(တွဲဖက် အတွင်းရေးမှူး) ဖုန်း–၆၆၄၆၀၇၊ ဦးကြိုင်မြင့်(တွဲဖက်အတွင်းရေးမှူး) ဖုန်း–၂၉၅၉၈၈၊ ဦးကျော်စိုး (ဘဏ္ဍာရေးမှူး) ဖုန်း–၀၉၅၀၀၁၄၂၆နှင့် ဒေါ်ဥ (အမှုဆောင်) ဖုန်း–၀၉–၈၀၃–၃၉၁၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မီးဘေးရှောင် မလောင်ခင်တား

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန် အထက်ပုဇွန်တောင်လမ်း အမှတ် ၁၅၀နေ ဦးအောင်ထွန်း(၃၉)နှစ်မြောက် ရည်စူး၍ ဒေါ်သောင်းညွန့်၊ သားသမီး၊ မြေး၊ မြစ်တစ်စုတို့က ငွေပဒေသာပင်ကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၁၉ရက်က အမက (၁၉) ဗဟန်းတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လက်တွေ့သရုပ်ပြ

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ၁၄ရက်က မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒုတိယဦးစီးမှူး(ဈေး)ဦးသန်းမြင့်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ လက်တွေ့သရုပ်ပြ လေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

တန့်ဆည်မြို့၌ စာပေသိုက် စာကြည့်တိုက်ဖွင့်

တန့်ဆည် ဇန်နဝါရီ ၁၇

တန့်ဆည်မြို့ ပေါ်ဦးရပ်ကွက် လမ်းဆုံတွင် ကိုယ့်အားကိုယ်ကိုး စာပေသိုက် စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ၈ရက် နံနက်၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးညီညိုဝင်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာပေဝါသနာရှင် ဦးဘိုတင့်က စာပေမှရသော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စာအုပ်များ ပေးအပ်လှူဒါန်းပွဲကျင်းပရာ စာကြည့်တိုက်ကော်မတီ ဦးတိုက်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

သဃ်န်းကျွန်းမြို့နယ်အမက(၂၃)၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ဆုရ မသက်ဝေဖူးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန် ဇန်နဝါရီ ၂၀

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊

စာမျက်နှာ ၇ ကော်လံ ၁ ✡

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း **ဆောင်းပါး အညွှန်း**

❒ အနာဂတ်နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံမှာ ပါဝင်လာမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာလို ဥပဒေပြုရေးအာဏာကျင့်သုံးမယ့် လွှတ်တော်တွေကသတ်သတ်၊ အုပ်ချုပ်ရေးအာဏာကျင့်သုံးမယ့် အစိုးရအဖွဲ့တွေက သတ်သတ်ပိုင်းခြားပြီး မဖွဲ့ဘူးကွယ့်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဆိုပြီး ဦးစီးအဖွဲ့တစ်ဖွဲ့တည်းကိုသာ ဖွဲ့သွားမှာဖြစ်တယ်။ အဲဒီဦးစီးအဖွဲ့ကပဲ ဥပဒေပြုရေး အာဏာကိုရော အုပ်ချုပ်ရေးအာဏာကိုပါ ပူးတွဲကိုင်တွယ်ကျင့်သုံးသွားရလိမ့်မယ်။ အဲဒီလို တစ်ဖွဲ့တည်းက အာဏာနှစ်ရပ်ကို ပူးတွဲကိုင်တွယ် ကျင့်သုံးခွင့်ရတဲ့အတွက် ဒေသခံတိုင်းရင်းသားတွေအနေနဲ့ မိမိတို့ဒေသရဲ့အကျိုးကို ပိုမိုထိရောက်၊ ကောင်းမွန်၊ မြန်ဆန်အောင် ဖန်တီးဖော်ဆောင်ခွင့်ရတာပေါ့ကွယ်။ ဒါဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေအတွက် ထူးခြားတဲ့ အုပ်ချုပ်မှုအသွင်သဏ္ဌာန်ဖြစ်သလို အခွင့်အလမ်း ပြည့်ပြည့်ဝဝ ရရှိစေတဲ့ ဒီမိုကရေစီအနှစ်သာရပဲ မဟုတ်လား။

စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်၏ အုပ်ချုပ်မှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၁) ဆောင်းပါး(စာ ၈–၉)

အချပ်ပိုလေးမျက်နှာ ပူးတွဲပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပို လေးမျက်နှာ ပူးတွဲဖော်ပြပါရှိပါသည်။

(မြန်မာ့အလင်း)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့ များမှ ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြကြရာတွင် ပညာရေးဝန်ကြီးဌာနမှ ဦးခင်မောင်ကြည် ဖတ်ကြားတင်ပြသည့် ဆွေးနွေး အကြံပြုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–

မိမိတို့ နိုင်ငံတော်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့်အခါ “နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ”ကို တိတိကျကျ ရှင်းရှင်းလင်းလင်း ဖော်ပြပါရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာရာတွင် နိုင်ငံသားဖြစ်ရန်အတွက် မည်သည့် အချက်အလက်များ လိုအပ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ရယူပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများသည် ဘာများဖြစ်သည်၊ မိမိတို့အနေနှင့် နိုင်ငံတော်အတွက် မည်သည့် တာဝန်များကို ထမ်းဆောင်ကြရန် လိုအပ်သည်ဆိုသည့် အချက်များကို ရှင်းလင်းလွယ်ကူစွာ တွေ့မြင်နိုင်ကြမည် ဖြစ်ပါကြောင်း။

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များမှာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီးက လိုအပ်သည့်အချက်များကို ကဏ္ဍခေါင်းစဉ် အလိုက် ခွဲခြားပြီး ပြည့်ပြည့်စုံစုံ လေ့လာစိစစ်ပြီး ထည့်သွင်းဖော်ပြထားသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါကြောင်း–

(၁)	နိုင်ငံသားဖြစ်မှုနဲ့ စပ်လျဉ်းပြီးအချက်	(၂)ချက်
(၂)	နိုင်ငံသားတိုင်း တန်းတူညီမျှမှု အခွင့်အရေးရရှိရေးနဲ့ စပ်လျဉ်းပြီး	(၆)ချက်
(၃)	လွတ်လပ်မှုအခွင့်အရေးနဲ့ စပ်လျဉ်းပြီး	(၅)ချက်
(၄)	ကျေးကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်းနဲ့ စပ်လျဉ်းပြီး	(၂)ချက်
(၅)	ဘာသာ သာသနာဆိုင်ရာကိုးကွယ်မှုနဲ့ စပ်လျဉ်းပြီး	(၇)ချက်
(၆)	ယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာ အခွင့်အရေးများနဲ့ စပ်လျဉ်းပြီး	(၃)ချက်
(၇)	ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးနဲ့ စပ်လျဉ်းပြီး	(၂)ချက်
(၈)	စီးပွားရေးဆိုင်ရာ အခွင့်အရေးနဲ့ စပ်လျဉ်းပြီး	(၃)ချက်
(၉)	ပြစ်မှုဆိုင်ရာ အခွင့်အရေးနဲ့ စပ်လျဉ်းပြီး	(၄)ချက်
(၁၀)	ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်တဲ့ အခွင့်အရေးများနဲ့ စပ်လျဉ်းပြီး	(၆)ချက်
(၁၁)	နိုင်ငံသားများရဲ့ တာဝန်များနဲ့ စပ်လျဉ်းပြီး	(၇)ချက်
(၁၂)	‘နိုင်ငံတော်’ဆိုတဲ့ စကားရပ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်	(၁)ချက်

တို့ဖြစ်ပြီး စုစုပေါင်း(၄၈)ချက် ပါဝင်ကြောင်း တွေ့ရှိရပါကြောင်း။

အထက်ဖော်ပြပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များနှင့်စပ်လျဉ်းပြီး မိမိတို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်ကြသည့် နိုင်ငံ့ဝန်ထမ်း အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အသေးစိတ်လေ့လာကြပြီး ၁၆–၁–၀၆ရက်တွင် အကျေအလည် ဆွေးနွေးကြပါကြောင်း၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်များသည် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် “မူလအခွင့်အရေးများ” ဆိုသည့် ခေါင်းစဉ်ဖြင့် နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားသည်ကို ဖတ်ရှုလေ့လာ၍လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် “နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ”ဆိုသည့် ခေါင်းစဉ်ဖြင့် ပြဋ္ဌာန်းထားသည်ကို ဖတ်ရှုလေ့လာ၍လည်းကောင်း၊ အခြားနိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် “နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ”ကို သီးခြားအခန်းတစ်ခန်း သတ်မှတ်ဖော်ပြထားချက်များကို အသေးစိတ်လေ့လာစိစစ်ပြီးမှ အထက်ဖော်ပြပါ (၄၈)ချက်ကို ထည့်သွင်းရေးသားခြင်းဖြစ်၍ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းသည် ပြီးပြည့်စုံကြောင်း တွေ့ရှိရပါကြောင်း။

နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်းပြီး–

၁။ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်။

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ၊

၂။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်

ဆိုသည့်အခြေခံရမည့်မူကို နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့်တော်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါကြောင်း။

အဘယ်ကြောင့်ဆိုလျှင် နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်းပြီး တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူဖြစ်ရန် အမှန်တကယ်လိုအပ်၍ပင် ဖြစ်ပါကြောင်း၊ နိုင်ငံသားဖြစ်ခြင်း ပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းများသည်လည်း ဥပဒေနှင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ပညာရေးဝန်ကြီးဌာနမှ ဦးခင်မောင်ကြည်ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားဖြစ်ရန်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားသူဖြစ်ရပါမည်။ သို့မှမြန်မာနိုင်ငံသားစစ်ပါမည်။ ယင်းသို့ ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံတော်အပေါ် တစ်သမတ်တည်း သစ္စာစောင့်သိရိုသေနေမည်ဆိုလျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင်လည်း ဥပဒေအရ နိုင်ငံသားဖြစ်လာမည် ဖြစ်ပါကြောင်း။

နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းသည် အထက်ပါဖွဲ့စည်းပုံအခြေခံဥပဒေ၏မူနှင့် ကိုက်ညီရမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ် သစ္စာမရှိလျှင်လည်း ဤအခြေခံဥပဒေအရ နိုင်ငံသားအဖြစ်မှ ရပ်စဲရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်းပြီး အထက်ပါ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ တင်ပြသည့်အချက်(၂)ချက်သည် လျော်ကန်သင့်မြတ်မှုရှိ၍ အသေးစိတ် အခြေခံမူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

နိုင်ငံသားတို့၏ တန်းတူညီမျှမှုအခွင့်အရေး ရှိစေရေးနှင့်စပ်လျဉ်းပြီး–

၁။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။

၂။ နိုင်ငံတော်သည် မည်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့် အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ။

၃။ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသောအခွင့်အလမ်းရရှိစေရမည်။

(က) ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊

(ခ) အလုပ်လုပ်ကိုင်မှု၊

(ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊

(ဃ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊

(င) အတတ်ပညာနှင့်အသက်မွေးဝမ်းကျောင်းမှု၊

(စ) သိပ္ပံနှင့်နည်းပညာများရှာဖွေဖော်ထုတ်မှု

၄။ အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေးလစာတို့ကို ခံစားခွင့်ရှိသည်။

၅။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှခံစားခွင့် ရှိစေရမည်။

၆။ နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။

သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအားရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် သတ်မှတ်ရန် သင့်လျော်ပါကြောင်း ဆွေးနွေးအကြံပြုလိုပါကြောင်း။

အဘယ်ကြောင့်ဆိုသော် အမျိုးသားညီလာခံကချမှတ်ထားသည့် အခြေခံရမည့်မူများအနက် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း အခြေခံရမည့်မူ ချမှတ်ထားသည်ကို တွေ့ရပါကြောင်း။

“နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေး စသည်တို့ခံစားခွင့်ရှိရမည်”

ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေး စသည်များသည် လောကပါလတရားများဖြစ်ကြပါကြောင်း၊ တစ်နည်းအားဖြင့်ဆိုလျှင် ယင်းအင်္ဂါရပ်များသည် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပြည်သူများ ခံစားခွင့်ရှိသင့်သည့် ဒီမိုကရေစီအခွင့်အရေးများ ဖြစ်ပါကြောင်း၊ ယင်းအင်္ဂါရပ်များအနက် ဥပဒေအရာတွင် ညီမျှမှုအခွင့်အရေးရှိစေရမည် (Equality Before the Law)ဆိုသည့် အင်္ဂါရပ်ကို မိမိတို့အားလုံးက အလေးအနက် ခံယူထားကြပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်းရှိ လူသူခပ်သိမ်းသည် ဥပဒေအရာမှာ တန်းတူညီမျှမှုအခွင့်အရေးနှင့် ဥပဒေနှင့် အကာအကွယ်ကိုလည်း တန်းတူရယူပိုင်ခွင့်ရှိကြရမည် ဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမဆို လူမျိုး၊ ဇာတိအရဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာအရဖြစ်စေ၊ ရာထူးအဆင့်အတန်း၊ ယဉ်ကျေးမှုအရဖြစ်စေ၊ အမျိုးသား၊ အမျိုးသမီး ဆင်းရဲချမ်းသာအရဖြစ်စေ အတန်းအစား ခွဲခြားခြင်းမပြုလုပ်ဘဲ လုပ်ငန်းများဆောင်ရွက်သည့်အခါ တူညီသည့် အခွင့်အလမ်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိစေသင့်ပါကြောင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ မိခင်များ၊ ကလေးသူငယ်များနှင့် စပ်လျဉ်း၍လည်း ဥပဒေအရ သတ်မှတ်ပေးထားသည့် အခွင့်အရေးများကို အညီအမျှခံစားခွင့် ရှိစေသင့်ပါကြောင်း၊ အလုပ်တာဝန်များကို နိုင်ငံတော်က ရွေးချယ်ခန့်ထားသည့်အခါမှာလည်း လူမျိုး၊ကိုးကွယ်ရာဘာသာ၊ အမျိုးသမီး၊ အမျိုးသား စသည်တို့ကို အကြောင်းပြုပြီး ရာထူးရွေးချယ်ခန့်ထားမှုကို ခွဲခြားခြင်းမပြုသင့်ပါ။ သို့သော် အချို့သော ရာထူးတာဝန်များသည် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များဖြစ်ခဲ့လျှင် နိုင်ငံတော်အကျိုးအတွက် အမျိုးသားများကို ရွေးချယ်ခန့်ထားခွင့်ရှိစေသင့်ပါကြောင်း။

ယင်းသို့အကြောင်းအချက်များကြောင့် နိုင်ငံသားတိုင်း တန်းတူညီမျှမှုအခွင့်အရေး ရှိစေရေးနှင့် စပ်လျဉ်းပြီး အထက်ပါအချက်(၆)ချက်ကို အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်တော်ဆီလျော်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း–

လွတ်လပ်မှုအခွင့်အရေးနှင့်စပ်လျဉ်းပြီး–

၁။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ။

၂။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့် အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့် ရှိသည်။

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြား ဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်၊

၃။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။

၄။ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။

၅။ ဤ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်တော်ဆီလျော်ပါကြောင်း အကြံပြုတင်ပြလိုပါကြောင်း။

အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံတော်တွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဖော်ဆောင်ကျင့်သုံးသည့်အခါ ဒီမိုကရေစီကျင့်စဉ်များအနက် လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်း အဖွဲ့များဖွဲ့စည်းခွင့်၊ နိုင်ငံတော်အတွင်းအခြေစိုက်နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ နေအိမ်ဥပစာလုံခြုံမှုရရှိခွင့် စသည်တို့ ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်ပါရှိသည့် မူလအခွင့်အရေးများနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လေ့လာသည့်အခါ သက်ဆိုင်ရာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့်သမိုင်းကြောင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်အခြေအနေများအပြင် နိုင်ငံတော်လုံခြုံရေး၊

အချပ်ပို (ခ) ကော်လံ (၁) သို့

31-1 (A).p65 1 3/27/1905, 9:43 PM

အချပ်ပို (က) မှ

တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး စသည့်အခြေအနေ အရပ်ရပ်များကိုပါ စဉ်းစားကြပြီး မိမိတို့နိုင်ငံနှင့် လျော်ကန်သင့်မြတ်မည့် အချက်များကို ပြဋ္ဌာန်းထားရှိသည်ကို တွေ့ရှိရပါကြောင်း၊ အလားတူ မိမိတို့ နိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း မူလအခွင့်အရေးများနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် ယင်းအချိန်၊ ယင်းအခြေအနေများနှင့် လျော်ကန်သင့်မြတ်သည်များကို ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်းတွေ့ရှိရပါကြောင်း၊ ထို့ပြင် ကမ္ဘာ့နိုင်ငံအချို့တွင် ဒီမိုကရေစီ ကျင့်စဉ်အတွက် လိုအပ်သည့်အခြေခံ ကောင်းများမရှိသေးဘဲ ဒီမိုကရေစီစနစ်ကို အဆောတလျင် ကူးပြောင်းမိသည့်အတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဒုက္ခမျိုးစုံကြုံတွေ့နေရသည့် အတွေ့အကြုံများကို မိမိတို့အနေနှင့် မျက်ခြည်မပြတ်သင့်ဟု သုံးသပ်ရရှိပါကြောင်း။

ထို့ကြောင့် လွတ်လပ်မှုအခွင့်အရေးနှင့်စပ်လျဉ်းပြီး အထက်မှာဖော်ပြသည့် အချက်ငါးချက်ကို အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်ရန် သင့်တော်ဆီလျော်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြအပ်ပါကြောင်း။

ကျေးကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်းတို့နှင့်စပ်လျဉ်းပြီး–

၁။ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူအရောင်းအဝယ်ပြုမှုများကို တားမြစ်သည်။

၂။ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှ တစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်

ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်ပါကြောင်း။

အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ကြရာတွင် လူကို အမြတ်တနိုးတန်ဖိုးထားကြရပါကြောင်း၊ ကမ္ဘာ့သမိုင်းမှာ လူကို ကျေးကျွန်ပြုခြင်း၊ လူကိုရောင်းကုန်သဖွယ် အရောင်းအဝယ်ပြုခြင်းများ ရှိခဲ့ဖူးသည်ကို ယခုအခါခွင့်မပြုသင့်တော့ပါကြောင်း၊ နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း နိုင်ငံတော်နှင့်အများပြည်သူတို့၏ အကျိုးအတွက် ဥပဒေနှင့်အညီ နိုင်ငံတော်ကတာဝန်ချထားခြင်းနှင့် ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခံရသည့်အတွက် အလုပ်ဒဏ်ပေးဆောင်စေရခြင်းတို့ကလွဲပြီး လူကို အဓမ္မစေခိုင်းခြင်းများ မပြုကြကြောင်း လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်လည်း ယင်းကိစ္စမျိုးကို တားမြစ်ထားသည့် ပြဋ္ဌာန်းချက်များပါရှိပါကြောင်း၊ ထို့ကြောင့် အထက်တွင်ဖော်ပြခဲ့သည့် ကျေးကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်းတို့နှင့်စပ်လျဉ်းပြီး ဖော်ပြပါအချက်နှစ်ချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန်သင့်တော်ပါကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

ဘာသာ သာသနာဆိုင်ရာ ကိုးကွယ်မှုနှင့်စပ်လျဉ်းပြီး အောက်ပါ အတိုင်း အခြေခံရမည့်မူအဖြစ် ဖော်ပြထားကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း–

၁။ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် မည်သူမဆို ဘာသာ သာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

၂။ ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးရာဆောင်ရွက်မှုတို့ကို အထက်ပါ ဘာသာ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ။

၃။ ထိုသို့ ဘာသာ သာသနာရေးနှင့်စပ်လျဉ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူ အကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ဥပဒေပြုခြင်းကို မတားမြစ်ရ။

၄။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၅။ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ် ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်။

၆။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၇။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်

တို့နှင့်ပတ်သက်၍ လေ့လာရာတွင် ဗုဒ္ဓဘာသာသာသနာတော်ကြီးသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအများစု၏ ကိုးကွယ်သည့် ဘာသာ သာသနာဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ခရစ်ယာန် ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်ယုံကြည်ကြသည့်သူများလည်း ရှိနေကြသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်ကြသည့် ပြည်သူများအနေနှင့် ယုံကြည်နှစ်သက်ကြသည့် ဘာသာ သာသနာကို လွတ်လပ်စွာ ကိုးကွယ်ခွင့် ရှိစေသင့်ပါကြောင်း၊ ယင်းသို့ မိမိတို့ ယုံကြည်နှစ်သက်ကြသည့် ဘာသာ သာသနာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုသည့်အခါတွင် နိုင်ငံတော်အကျိုးနှင့် အများပြည်သူများ၏အကျိုးကို ရှေးရှုပြီး ဘာသာ သာသနာ ကိုးကွယ်မှုကို လူမှုရေး၊ အခြားလောကီရေးရာများနှင့် ရောထွေးမှု မရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံရေးကိစ္စအတွက် ဘာသာ သာသနာကို အလွဲသုံးစားပြုမှုများ မပေါ်ပေါက်စေရေးအတွက်လည်းကောင်း၊ လူမျိုးရေးကြောင့် ဖြစ်စေ၊ ဘာသာ သာသနာကြောင့်ဖြစ်စေ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ စိတ်ဝမ်းကွဲပြားမှုများ မဖြစ်စေရေး အတွက်လည်း လိုအပ်သည့် တားမြစ်ချက်များ ပါရှိစေသင့်ပါကြောင်း။

ဘာသာ သာသနာဆိုင်ရာ လွတ်လပ်မှုအခွင့်အရေးများသည် နိုင်ငံသားများအတွက်သာမကဘဲ နိုင်ငံသားမဟုတ်သူများနှင့်လည်း အကျုံးဝင်စေသင့်ပါကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်း ဘာသာ သာသနာဆိုင်ရာ အခွင့်အရေးများကို နိုင်ငံသားများအပါအဝင် လူသူခပ်သိမ်း အကျုံးဝင်အောင် ပြဋ္ဌာန်းထားခဲ့သည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါကြောင်း။

ထို့ကြောင့် ဘာသာသာသနာဆိုင်ရာ အခွင့်အရေးနှင့်စပ်လျဉ်း၍ အထက်တွင် ဖော်ပြခဲ့သည့် အချက်(၇)ချက်ကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်ရန် သင့်တော်ပါကြောင်း အကြံပြုဆွေးနွေး တင်ပြအပ်ပါကြောင်း။

နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသားများ စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြကြရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးမြင့်ထွန်း ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

မိမိဆက်လက်တင်ပြမည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် ကျန်ရှိသော အပိုင်းများဖြစ်သည့်–

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေး

(ခ) စီးပွားရေးဆိုင်ရာ အခွင့်အရေး

(ဂ) ပြစ်မှုဆိုင်ရာ အခွင့်အရေး

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သည့် အခွင့်အရေး

(င) နိုင်ငံသားများ၏တာဝန်များနဲ့

(စ) 'နိုင်ငံတော်'ဆိုသည့် စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုချက်

တို့ဖြစ်ပါကြောင်း။

ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးနှင့်ပတ်သက်၍ ဦးစွာ တင်ပြပါမည်၊ ယင်းအခွင့်အရေးများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တင်ပြထားသည်မှာ–

၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၂။ လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်

ဟု ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးမြင့်ထွန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ယင်းအခွင့်အရေးများနှင့်ပတ်သက်၍ တင်ပြရမည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့်ရှိပြီး မိမိကိုယ်တိုင်လည်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကိုလည်း ပါဝင်ပြဋ္ဌာန်းမည်ဖြစ်ပြီး မိမိတို့ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်ကိုလည်း မဲဆန္ဒရှင်များကဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိမည် ဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။ ယင်းသို့ ရွေးကောက်တင်မြှောက်ခွင့်၊ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်နှင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ကို နိုင်ငံသားများအတွက် ရပိုင်ခွင့်အဖြစ် ပေးထားခြင်းသည် လျော်ကန်သင့်မြတ်မှုရှိကြောင်း တင်ပြအပ်ပါကြောင်း။

စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်ပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီးတင်ပြထားသည်မှာ–

၁။ နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသားများသည် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၂။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန်ကူညီမည်။

၃။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့် မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်။

တို့ဖြစ်ပါကြောင်း။

ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး–

၁။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကို ဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများသည် အချင်းချင်း ညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

၂။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ–

(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊

(ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်၊

(ဂ) သိပ္ပံပညာ စူးစမ်းရှာဖွေမှု၊စာပေနှင့်အနုပညာ၊ ခေတ်မီ တိုးတက်အောင် တီထွင်ကြံဆ ဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြုဖော်ထုတ် ဆောင်ရွက်ခွင့်ရှိသည်၊

၃။ နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမထားရှိဘဲ မိမိတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်

ဟုအသေးစိတ် အခြေခံရမည့်မူချမှတ်ရန် သင့်တော်ဆီလျော်မှု ရှိပါကြောင်း တင်ပြအပ်ပါကြောင်း၊ အကြောင်းရင်းကို အောက်ပါအတိုင်း တင်ပြအပ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတော်အတွင်းမှာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော် မှီတင်းနေထိုင်ကြပါကြောင်း၊ ယင်းတိုင်းရင်းသားမျိုးနွယ်စုများသည် တစ်စုနှင့်တစ်စု သဘာဝအားဖြင့် ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုနှင့် အနုပညာများတွင် တူညီကြခြင်းရှိသကဲ့သို့ မတူညီကြသည်များလည်း ရှိနေကြောင်း လေ့လာသိရှိရပါကြောင်း၊ မြန်မာစကားနှင့်စာပေကို တိုင်းရင်းသားအများစုအနေဖြင့် ပြောဆိုအသုံးပြုနေသည်ကို တွေ့ရသော်လည်း အချို့သောတိုင်းရင်းသား မျိုးနွယ်စုများအနေဖြင့် ကိုယ့်ဘာသာစကားနှင့် စာပေများရှိပြီး အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား မျိုးနွယ်စုတိုင်းသည် မိမိတို့မြတ်နိုးသည့် မိမိတို့၏စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများကိုလည်း လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရှိသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ နိုင်ငံသားများကို ပညာသင်ကြားနိုင်ခွင့်များ ပေးထားပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် နိုင်ငံတော်အတွင်းရှိ နိုင်ငံသားများ ပညာတတ်မြောက်ရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ ကိုလိုနီခေတ်ကာလတုန်းက စာပေသင်ကြားခွင့်မရခဲ့ကြသည့် တောင်သူလယ်သမားကြီးအချို့သည် မသမာသူတို့၏ လိမ်ညာလှည့်စားမှုများကြောင့် သူတို့ပိုင်ဆိုင်ကြသည့် လယ်ယာမြေများ မတရားဆုံးရှုံးနစ်နာခဲ့ကြရသည်ကို သမိုင်းကိုလေ့လာရင်း သင်ခန်းစာရယူကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားတိုင်းသည် အခြေခံပညာ မသင်မနေရဟု ဥပဒေပြဋ္ဌာန်းထားရှိရန် အထူးလိုအပ်သကဲ့သို့ သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တီထွင်ကြံဆ ဖော်ထုတ်ရေးသားခွင့်ရှိရန်နှင့် ယဉ်ကျေးမှုကိစ္စများတွင်လည်း လွတ်လပ်စွာ ဖော်ထုတ်ဆောင်ရွက်ခွင့်ရှိစေသင့်သည်ကို အမှန်ပဲဖြစ်ပါကြောင်း၊ သို့ရာတွင် ယင်းသို့ဆောင်ရွက်ခွင့်ကို ကျင့်သုံးသည့်အခါတွင် တိုင်းရင်းသားမျိုးနွယ်စုတစ်စုသည် အခြားတိုင်းရင်းသား မျိုးနွယ်စုတစ်စု၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့ကို ထိပါးမှု မရှိစေရအောင် အထူးရှောင်ကြဉ်ရမည်ဖြစ်ပါကြောင်း၊ ပညာရေးမှာလည်း ပညာရည်ထူးချွန်မှုရှိသည့် နိုင်ငံသားများကို လူမျိုးကိုးကွယ်ရာ ဘာသာ၊ အမျိုးသား အမျိုးသမီး ခွဲခြားခြင်းမပြုဘဲ နိုင်ငံတော်အနေဖြင့် ချီးမြှင့်ထောက်ပံ့ပေးရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး အထက်တွင် ဖော်ပြခဲ့သည့် အချက်(၃)ချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် သင့်တော်ဆီလျော် ကိုက်ညီမှုရှိပါကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

အထက်ဖော်ပြခဲ့သည့် အခွင့်အရေးများကို ပြည်သူများအနေနှင့် ရယူခံစားကြသည့်အခါ နိုင်ငံတော်အဓွန့်ရှည် တည်တံ့ရေးအတွက် မိမိတို့အမြဲဦးထိပ်ပန်ဆင်ကြရမည့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိပါးမှုမရှိစေရန် လိုအပ်ပါကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံတော်တွင် တိုင်းရင်းသားအားလုံးသည် သမိုင်းမတင်မီခေတ်ကတည်းကပင် ဥမကွဲသိုက်မပျက် အတူတကွနေထိုင်ခဲ့ကြသည်ကို လေ့လာသိရှိနိုင်ပါကြောင်း၊ ယင်းတိုင်းရင်းသားများသည် ရေကြည်ရာ မြက်နုရာသို့ ပြောင်းရွှေ့နေထိုင်ကြပြီး တစ်နိုင်ငံလုံး နေရာဒေသအနှံ့တွင် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အတူတကွရောနှောလျက် အခြေချနေထိုင်ခဲ့ကြ၍ တိုင်းနှင့်ပြည်နယ်တိုင်းတွင် တိုင်းရင်းသားမျိုးနွယ်စု တစ်မျိုးမကတွေ့ရှိနေရခြင်း ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေချောမော လွယ်ကူနေပြီဖြစ်သည့်အတွက် တိုင်းရင်းသားမျိုးနွယ်စုများသည် နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးမှာ ယခင်ကထက် ပိုမိုရောနှောလျက် အခြေချနေထိုင်ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုတစ်စုက အခြားတိုင်းရင်းသားမျိုးနွယ်စုများကို ထိပါးမှုမဖြစ်စေရအောင် အပြန်အလှန် ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း လိုအပ်ပါကြောင်း အထူးသတိပေး တင်ပြလိုပါကြောင်း။

အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အထက်ဖော်ပြပါအတိုင်းကဏ္ဍ(၆)ရပ်မှ အချက်ပေါင်း(၂၅)ချက်ကို တင်ပြပြီးဖြစ်ပါကြောင်း၊ ကျန်သည့်ကဏ္ဍ(၆)ရပ်မှာ ပါဝင်သည့်အချက် ပေါင်း(၂၃)ချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးမြင့်ထွန်းက ဆက်လက်ဆွေးနွေးတင်ပြမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

ယင်းအခွင့်အရေးများနှင့်ပတ်သက်ပြီ
စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင
များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လ
ကြောင်း၊ ယင်းသို့လုပ်ကိုင်သည့် အမျိုးသ
ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊
တို့ကို ရရှိအောင် နိုင်ငံတော်က ကူညီမည်
တွေ့ရှိရပါကြောင်း၊ ထို့ပြင် ဤဖွဲ့စည်းပုံအ
လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချ
စေဘဲ စီးပွားရေးကိစ္စရပ်များကို ဆောင်ရွက်
ကိုယ်ပိုင်တီထွင်ခွင့်နှင့်မူပိုင်ခွင့်တို့ကိုလည်း နို
ပြဋ္ဌာန်းမှာဖြစ်သည့်အတွက် စီးပွားရေးလု
သင့်မြတ်ပါကြောင်း တင်ပြအပ်ပါကြောင

ဆက်လက်ပြီး ပြစ်မှုဆိုင်ရာ အခွင့်
ကော်မတီဥက္ကဋ္ဌကြီး တင်ပြထားသည်မှာ–

၁။ ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမ
အတည်ဖြစ်လျက်ရှိသော သက်
စီရင်ရမည်။ ထို့ပြင် ယင်းဥပဒေ
ပို၍ ချမှတ်ခြင်းမပြုရ။

၂။ တစ်ဦးတစ်ယောက်သည် စီရင်ပိ
အတွက် ပြစ်မှုထင်ရှား စီရင
အပြတ်လွတ်ခြင်းခံရလျှင်ဖြစ်
စီရင်ချက် သို့မဟုတ် အမှုမှအ
အဆင့်မြင့်တရားရုံးက ပယ်ဖျ
စစ်ဆေးစေရန် အမိန့်ချမှတ်
ထိုသူအား ထပ်မံစစ်ဆေးခြင်း

၃။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံ
ခုခံ ချေပခွင့်ရှိစေရမည်။

၄။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒ
သာယာရေးနှင့် အများပြည်သူအ
ကွယ်ထားရှိရန်လိုအပ်သောကိစ္စ
အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး
သူကြီး၏ ချုပ်မိန့်မရရှိဘဲ ၂၄

ဟု ဖြစ်ပါကြောင်း။

ယင်းအချက်များကို လေ့လာကြည့်သ
ကိုအရေးယူရာမှာ ယင်းပြစ်မှုကျူးလွန်သည့
ရာ ဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်
ချမှတ်နိုင်သည့် ပြစ်ဒဏ်ထက်ပိုပြီး ချမှတ်ခြ
ထို့ပြင် ပြစ်မှုစီရင်ခြင်းခံရသည့်အခါတွင်
တစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခံရလျှင်
ခံရလျှင်ဖြစ်စေ၊ ယင်းစီရင်ချက်ကို အဆင့်
အသစ်တစ်ဖန် ပြန်လည်စစ်ဆေးရန် အမိန်
အတွက် ထိုသူအားထပ်မံစစ်ဆေးခြင်းမပြု
ခံရသူတစ်ဦးဦးကလည်း ဥပဒေနှင့်အညီ
ခြင်းဖြင့် ပြစ်မှုဆိုင်ရာ အခွင့်အရေးများ ရရှိ
ကြောင်း။

ထို့ပြင် မတရားချုပ်နှောင်ထားခြင်း
ရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ
အကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ
တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိ
ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ ၂
မပြုရန် ထည့်သွင်းဖော်ပြထားခြင်းသည်လ
တင်ပြလိုပါကြောင်း။

ဆက်လက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ
အရေးများနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မ
ပါကြောင်း ယင်းတို့မှာ–

၁။ ဤအခန်း၌ ပေးအပ်ထားသော
ပါလျှင် သတ်မှတ်ချက်များနှင့်
ချုပ်သို့ လျှောက်ထားရယူပိုင်ခွ

၂။ ဤအခန်း၌ ပေးအပ်ထားသေ
လျှောက်ထားလာသည့် ကိစ္စ
လွှတ်တော်ချုပ်သည် အောက်
ရပ်ရပ်ကို သင့်လျော်သည့်အတိုင

(က) ရှေ့တော်သွင်း စာချွန်တေ

(ခ) အာဏာပေး စာချွန်တော်

(ဂ) တားမြစ်စေ စာချွန်တော်

(ဃ) အာဏာပိုင်မေး စာချွန်တေ

(င) အမှုခေါ် စာချွန်တော်အမိ
ပြည်ထောင်စုတရားလွှတ်တော်
အမိန့်များထုတ်ဆင့်ခွင့်အာဏာသ
ဥပဒေများအရ အပ်နှင်းထားသ
သက်ရောက်သည့်အမိန့် ထုတ်

၃။ အောက်ဖော်ပြပါ အခြေအနေတ
ပြည်သူ လုံခြုံရေးအတွက်
၃၆ပါ အခွင့်အရေးများ တော

(က) စစ်မက်ဖြစ်ပွားချိန်၊

(ခ) တိုင်းတစ်ပါးမှ ကျူးကျေ

(ဂ) ဆူပူသောင်းကျန်းမှုများ

၄။ နိုင်ငံခြား တိုင်းတစ်ပါးနှင့်
ပြည်တွင်း၌ဖြစ်စေ၊ပြည်ပ၌ဖြစ်စေ
မှုကို တောင်းခံခွင့်ရှိသည်။

၅။ အောက်တွင်ဖော်ပြထားသော အ
သားများ၏ တရားဝင်ရပိုင်ခွင့်ရှိ
ဖြင့်သတ်မှတ်ထားသော ရယူပို

ယင်းအခွင့်အရေးများနှင့်ပတ်သက်ပြီး ဆက်လက်တင်ပြရလျှင် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသားများသည် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိကြောင်း ဖော်ပြပါရှိပါကြောင်း၊ ယင်းသို့လုပ်ကိုင်သည့် အမျိုးသားစီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ရရှိအောင် နိုင်ငံတော်က ကူညီမည်ဖြစ်ကြောင်းကိုလည်း ပါဝင်ကြောင်းတွေ့ရှိရပါကြောင်း၊ ထို့ပြင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်နှင့်မူပိုင်ခွင့်တို့ကိုလည်း နိုင်ငံတော်က အာမခံကြောင်း ထည့်သွင်းပြဋ္ဌာန်းမှာဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းများအတွက် အထူးလျော်ကန်သင့်မြတ်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ဆက်လက်ပြီး ပြစ်မှုဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး တင်ပြထားသည်မှာ–

၁။ ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာ ဥပဒေအရသာ ပြစ်မှုထင်ရှား စီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရ။
၂။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါ ပြစ်မှုထင်ရှားစီရင် သည့် စီရင်ချက် သို့မဟုတ် အမှုမှအပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီးအမှုကို အသစ်တစ်ဖန် ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှအပ ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။
၃။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံ ချေပခွင့်ရှိစေရမည်။
၄။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန်လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး မည်သူ့ကိုမျှစီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ

ဟု ဖြစ်ပါကြောင်း။

ယင်းအချက်များကို လေ့လာကြည့်သည့်အခါ ပြစ်မှုကျူးလွန်သူတစ်ယောက်ကိုအရေးယူရာမှာ ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်သည့် သက်ဆိုင်ရာ ဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သည့် ပြစ်ဒဏ်ထက်ပိုပြီး ချမှတ်ခြင်းမပြုရန်လည်း ဖော်ပြပါရှိပါကြောင်း၊ ထို့ပြင် ပြစ်မှုစီရင်ခြင်းခံရသည့်အခါတွင် စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးကပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခံရလျှင်ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်ခြင်းခံရလျှင်ဖြစ်စေ၊ ယင်းစီရင်ချက်ကို အဆင့်မြင့်တရားရုံးကပယ်ဖျက်ပြီး အမှုကို အသစ်တစ်ဖန် ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်သည့် အခါမှအပ ယင်းပြစ်မှုအတွက် ထိုသူအားထပ်မံစစ်ဆေးခြင်းမပြုရန်နှင့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးကလည်း ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိကြောင်း ဖော်ပြထားရှိခြင်းဖြင့် ပြစ်မှုဆိုင်ရာ အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ပြင် မတရားချုပ်နှောင်ထားခြင်းမပြုနိုင်ရန်အတွက် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး မည်သူကိုမျှ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ထားခြင်းမပြုရန် ထည့်သွင်းဖော်ပြထားခြင်းသည်လည်း လျော်ကန် သင့်မြတ်ပါကြောင်း တင်ပြလိုပါကြောင်း။

ဆက်လက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင်ရယူနိုင်သည့် အခွင့်အရေးများနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အပိုဒ်(၆)ပိုဒ် တင်ပြထားပါကြောင်း ယင်းတို့မှာ–

၁။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားရယူပိုင်ခွင့် ရှိရမည်။
၂။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော် အမိန့်တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာ ရှိရမည်–
(က) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊
(ခ) အာဏာပေး စာချွန်တော်အမိန့်၊
(ဂ) တားမြစ်စေ စာချွန်တော်အမိန့်၊
(ဃ) အာဏာပိုင်မေး စာချွန်တော်အမိန့်၊
(င) အမှုခေါ် စာချွန်တော်အမိန့်။
ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့် စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့်အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့် သဘောမျိုး သက်ရောက်သည့်အမိန့် ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။
၃။ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင် အများပြည်သူ လုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး အပိုဒ် ၃၆ပါ အခွင့်အရေးများ တောင်းခံခွင့်ကို ရပ်ဆိုင်းမထားရ–
(က) စစ်မက်ဖြစ်ပွားချိန်၊
(ခ) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊
(ဂ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊
၄။ နိုင်ငံခြား တိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။
၅။ အောက်တွင်ဖော်ပြထားသော အခြေအနေနှင့် အချိန်အခါမှအပ နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသောနစ်နာချက်များအတွက် ဥပဒေဖြင့်သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်းမပြုရ–

အချုပ်ပို (ဃ) ကော်လံ ၁ သို့

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ၂၀ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြကြရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒေါ်ညွန့်ညွန့်ရွှေ ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

ယခုတင်ပြဆွေးနွေးမည့် ၂၀၀၆ခုနှစ် ဇန်နဝါရီ၁၀ရက်တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြားခဲ့သည့် “တပ်မတော်အခန်း”တွင် ချမှတ်သင့်သည့် အသေးစိတ်အခြေခံမူများနှင့်စပ်လျဉ်းပြီး အကြံပြုဆွေးနွေး တင်ပြမှာဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌက တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ(၁၄)ချက်နှင့်ပတ်သက်ပြီး တစ်ချက်ချင်းအလိုက် ပြည့်ပြည့်စုံစုံနှင့်ရှင်းလင်းတင်ပြသွားသည်ကို တွေ့ရပါကြောင်း ယင်းအသေးစိတ် အခြေခံရမည့်မူ (၁၄)ချက်မှာ–

(၁) တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်။
(၂) တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။
(၃) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။
(၄) ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်းပြည်ပ အန္တရာယ် များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်၊ နိုင်ငံတော် ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်။
(၅) တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်။
(၆) နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်းပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်ကဦးဆောင်ရမည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်

(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင် အဖွဲ့ အစည်းအားလုံး၏ အကြီးအကဲဖြစ်သည်။
(၈) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မှီငြမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။
(၉) နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်။
(၁၀) တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။
(၁၁) တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။
(၁၂) စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။
(၁၃) မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံး၊ ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့ စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။
(၁၄) နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်

တို့ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော် အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်မှ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည် ဟူ၍ အသေးစိတ်ချမှတ်ရန်အပြင် စွမ်းရည်သုံးရပ်နှင့်လည်း ထက်မြက်ပြည့်စုံရန် လိုအပ်ကြောင်း ဆွေးနွေးအကြံပြုတင်ပြလိုပါကြောင်း။

တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် ခေတ်မီ အင်အားတောင့်တင်းပြီး အရည်အချင်းပြည့်ဝ၍ စွမ်းရည်ထက်မြက်ရပါမည်၊ ခေတ်မီသည်ဆိုခြင်းမှာလည်း ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာ့ပတ်ဝန်းကျင်ကိုအမီလိုက်နိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ အင်အားတောင့်တင်းသည်ဆိုရာ၌ မိမိနိုင်ငံ၏ မြေထု၊ ရေထု၊ လေထုကို အကြွင်းမဲ့ကာကွယ်နိုင်သည်အထိ အင်အားတောင့်တင်းရန်လိုပါကြောင်း၊ သိပ္ပံနှင့်နည်းပညာပိုင်းဆိုင်ရာ အရည်အချင်းပြည့်ဝရန်အပြင် စွမ်းရည်သုံးရပ်နှင့်လည်း ပြည့်စုံရန်လိုအပ်ကြောင်း တင်ပြလိုပါကြောင်း။

ပါတီစုံစနစ်ကို ကျင့်သုံးခဲ့သည့် မြန်မာ့သမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်သည့်အခါ ဖဆပလအစိုးရလက်ထက် ၁၉၅၅ခုနှစ် အောက်တိုဘာလမှာ ပျူစောထီးတပ်များကိုဖွဲ့စည်းပြီး မိမိတို့ဖွဲ့စည်းပေးခဲ့သည့် ပါတီအုပ်စုများ၏ ခါးပိုက်ဆောင်တပ်များသဖွယ် ပြုကျင့်လာသည့်အတွက် ၁၉၅၈ခုနှစ်မှာ ပျူစော ထီးတပ်များကို ဖျက်သိမ်းခဲ့ရပါကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများသည် ပြည်သူကို အလုပ်အကျွေးပြုရန်ဖြစ်သော်လည်း ဥပဒေနှင့်အညီ စနစ်တကျဖွဲ့စည်းထားခြင်းမရှိပါက ပြည်သူ့အတွက် အန္တရာယ်ဖြစ်ခဲ့ကြောင်း သာဓကအနေနှင့် သင်ခန်းစာယူနိုင်ပါကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကိုပြန်ကြည့်လျှင် လွတ်လပ်ရေးဆုံးရှုံးပြီးနေရသည့် အခြေအနေက တပ်မတော်သည် အသက်၊ သွေး၊ ချွေးပေါင်းများစွာ စတေးခံပြီး နိုင်ငံ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပါကြောင်း၊ ယင်းနောက်ပိုင်းတွင် နိုင်ငံ၏လွတ်လပ်ရေးကို ပြန်လည်ဆုံးရှုံးရမည့် အခြေ အနေပေါ်ပေါက်လာသည့်အခါတိုင်းတွင် တပ်မတော်က ဝင်ရောက်တာဝန်ယူပြီး နိုင်ငံ၏လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ခဲ့ခြင်းမှာလည်း သမိုင်းမှာ အထင် အရှားရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းသမိုင်းအထောက်အထားများအရ တပ်မတော်ကို ‘မျိုးချစ်တပ်မတော်’ဟု သတ်မှတ်ထားခဲ့ပြီးလည်း ဖြစ်ပါကြောင်း။

ထို့ကြောင့်**“တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက် မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်”**ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်သူအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများ၊ အုပ်ချုပ်ခံ ပြည်သူတို့၏ ရပိုင်ခွင့် အခွင့်အရေးများကို ပြဋ္ဌာန်းထားသည့် အခြေခံမူများ စုစည်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယင်းနိုင်ငံ၏ အသက်တမျှ အရေးအကြီးဆုံး ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ခံယူလိုက်နာ၍ ယင်းအခြေခံဥပဒေအရပေါ်ထွန်းလာမည့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်အား အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားရန်မှာ တပ်မတော်၏ အဓိကတာဝန်ဖြစ်ပါကြောင်း။

ထို့ကြောင့် **တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်** ဆိုသည့် အခြေခံရမည့်မူကိုပင် တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ ဖော်ပြရန်သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် မြန်မာနိုင်ငံအား နယ်ချဲ့တို့၏ ကျူးကျော်ရန်စ တိုက်ခိုက်မှုများကို ခုခံတိုက်ပွဲဝင်ရာတွင် လည်းကောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် လွတ်လပ်ရေးကို ထိန်းသိမ်း စောင့်ရှောက်ကာကွယ်ရာတွင်လည်းကောင်း၊ သွေးစည်းညီညွတ်စွာ တက်ညီလက်ညီနှင့် တစ်ခဲနက် ပါဝင်ဆောင်ရွက်ခဲ့ပုံများကို မြန်မာ့သမိုင်းကြောင်း တစ်လျှောက်လုံးတွင် အထင်အရှား တွေ့မြင်နိုင်ပါကြောင်း၊ ထို့အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိပါက ပြည်ထောင်စုကြီးပြိုကွဲပြီး အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးရလုနီးသော အခြေအနေများပေါ်ပေါက်ခဲ့ရသည့် သာဓကများလည်း ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာတို့၏ မဟုတ်မခံသော စိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား ကိန်းဝပ်နေသော စိတ်ဓာတ်၊ ဇာတိမြေကို ခင်တွယ်ပြီး အေးအတူပူအမျှ နေလိုသောစိတ်ဓာတ်၊ အမျိုးကိုချစ်မြတ်နိုး၍ ဇာတိမာန်တက်ကြွတတ်သော စိတ်ဓာတ်နှင့် တွေ့ကြုံဖြတ်သန်းခဲ့ရသော သမိုင်းစဉ်ပါ သင်ခန်းစာများ ထိတွေ့သောအခါ တစ်မျိုးသားလုံးအတွက် မရှိမဖြစ်သော သမိုင်းပေးတာဝန်များ ဖြစ်ပေါ်လာပါကြောင်း၊ ယင်းတို့မှာ ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ပင်ဖြစ်ပါကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ၏ အမျိုးသားရေးခံယူချက်ဖြစ်ပြီး တပ်မတော်သည် ဤအမျိုးသားရေးခံယူချက်ကို တပ်မတော်၏ ယုံကြည်ချက်အဖြစ် ထာဝစဉ် ဦးထိပ်ပန်ဆင်လျက် ထိန်းသိမ်းစောင့်ရှောက်နေပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်** ဆိုသည့် အခြေခံမူကို တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန်သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါကြောင်း။

တစ်ဆက်တည်းမှာပင် နိုင်ငံ၏သမိုင်းဖြစ်စဉ်များအရ နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်များမှကာကွယ်ရေးနှင့် စပ်လျဉ်းပြီး **ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်းပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်** ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့ပြီးဖြစ်သည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တာဝန်များနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများတွင် “နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်ပညာသင်ကြားရန်တာဝန်ရှိမည်၊ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်မှုထမ်းရန်တာဝန်ရှိမည်”ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တွင် တပ်မတော်နှင့်ပြည်သူ လက်တွဲပြီး ဖက်ဆစ် တော်လှန်ရေးကြီးကို ပြည်သူ့စစ်မဟာဗျူဟာနှင့် ပြောင်မြောက်စွာ ဆင်နွှဲခဲ့ကြသည်ဖြစ်ပါကြောင်း၊ ပြည်သူနှင့်တပ်မတော်တို့၏ အောင်ပွဲကြီးများကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့သည်ပင်ဖြစ်ပါကြောင်း၊ ယနေ့ခေတ် ပြည်သူ့စစ်မဟာဗျူဟာဆိုသည်မှာလည်း တပ်မတော်ကိုမဏ္ဍိုင်ပြုထားပြီး ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု အင်အားဖြင့် ခုခံစစ်ကို ဆင်နွှဲရန်ဖြစ်၍ ပြည်သူလူထု၏ အစဉ်နိုးကြားတက်ကြွနေသော အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စည်းရုံးလှုပ်ရှား ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာ ဖော်ဆောင်ကျင့်သုံးမှုသည် စစ်ပွဲဆင်နွှဲသည့်အချိန်ကာလရောက်မှ ပြင်ဆင်ဆောင်ရွက်ရခြင်းမျိုးမဟုတ်၊ ငြိမ်းချမ်းချိန်ကာလမှာပင် မိမိနိုင်ငံအား ဗိုလ်ကျစိုးမိုးလိုသော ရန်သူမှ၊ ဘက်စုံစစ်ပွဲ အသွင်သဏ္ဌာန်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သံတမန်ရေး၊ သဘောတရားရေး၊ စစ်ရေးနှင့် ဝါဒဖြန့်ချိရေး နည်းလမ်းများဖြင့် ထိုးနှက်တိုက်ခိုက်မှုများကို သတိထားစောင့်ကြည့်၍ မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရင်း ရန်သူအပေါ် တန်ပြန်တိုက်ခိုက်ချေမှုန်းခြင်းပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူများပါဝင်ရေးနှင့်စပ်လျဉ်းပြီး **“တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်၊ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်”**ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တိုင်းရင်းသား

အချုပ်ပို (ဃ) ကော်လံ ၃ သို့

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော် အခန်းတို့အတွက်ချမှတ်သင့်သည့်အသေး စိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ဒေါ်ညွန့်ညွန့်ရွှေ ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

အချုပ်ပို (ဂ) မှ

(က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊
(ခ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊
(ဂ) အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်၊

၆။ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်းသေဝပ်မှုများရှိစေရေးတို့အတွက် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများအနက်ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန်လိုအပ်သော အခွင့်အရေးများကိုဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းပြုရမည်တို့ဖြစ်ပါကြောင်း။

ယင်းသို့ အခွင့်အရေးများနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြရလျှင် ပြည်သူတို့၏ အခွင့်အရေးဆုံးရှုံးမှုမရှိစေရေးအတွက် ဤဥပဒေအရ ပေးအပ်ထားသည့် အခွင့်အရေး တစ်ရပ်ရပ်ကို ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားရယူပိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ယင်းသို့ ဖော်ပြထားရှိချက်နှင့်အညီ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး လျှောက်ထားလာသည့် ကိစ္စရပ်များအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သင့်လျော်သည့်ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေး စာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော် အမိန့်များကို ထုတ်ဆင့်ပြီး ဆက်လက်ဆောင်ရွက်သွားရန် သတ်မှတ်ထားရှိချက်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

ယင်းသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းထားသည့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့်သဘောမျိုး သက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေရန်ကိုလည်း သတ်မှတ်ဖော်ပြထားရှိကြောင်းကိုလည်း တွေ့ရှိရပါကြောင်း။

ယင်းသို့ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး တောင်းခံလျှောက်ထားချက်များကို အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး စစ်မက်ဖြစ်ပွားချိန်၊ တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊ ဆူပူသောင်းကျန်းမှု ဖြစ်ပေါ်နေချိန်များတွင်လည်း အထက်ဖော်ပြပါ အခွင့်အရေးများတောင်းခံခွင့်ကို ရပ်ဆိုင်းမထားရန် ခွင့်ပြုထားရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ပြင် နိုင်ငံခြားတိုင်းတစ်ပါးနှင့်ဆက်ဆံသည့် နိုင်ငံသားတိုင်းသည်လည်း ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ နိုင်ငံတော်၏ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိကြောင်းလည်း ပါရှိပါကြောင်း။

ထို့နောက် နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသည့်နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရပိုင်ခွင့်များကို တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊ ဆူပူသောင်းကျန်းမှုဖြစ်ပေါ်နေချိန်နှင့် အရေးပေါ် အခြေအနေဖြစ်ပေါ်နေချိန်များမှအပ ငြင်းပယ်ခြင်းမပြုရဟု သတ်မှတ်ဖော်ပြထားသည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြရသည့် တပ်ဖွဲ့ဝင်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြရသည့် တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့၏တာဝန်ဝတ္တရားများကို ကျေပွန်စွာ နှင့်စည်းကမ်းကျနစွာ ထမ်းဆောင်နိုင်ရန်အတွက် ယင်းအခန်းတွင်ပေးထားသည့် အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သည့် အခွင့်အရေးများရှိခဲ့လျှင်လည်း ဥပဒေပြဋ္ဌာန်းပြီးမှ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းများ ပြုသင့်ကြောင်း ထည့်သွင်းဖော်ပြထားခြင်းသည်လည်း လိုအပ်ချက်နှင့်အညီ ဆောင်ရွက်နိုင်စေရန် ဖြစ်သည့်အတွက် လျော်ကန်သင့်မြတ်မှုရှိကြောင်း တင်ပြအပ်ပါကြောင်း။

နိုင်ငံသားများ၏ တာဝန်များနှင့်ပတ်သက်၍ ဆက်လက်တင်ပြလိုပါကြောင်း၊ ယင်းတာဝန်များနှင့်ပတ်သက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးတင်ပြထားသည်မှာ–

၁။ နိုင်ငံသားတိုင်းသည်–
(က) ပြည်ထောင်စုမပြိုကွဲရေး၊
(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်
(ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
တို့ကို စောင့်ထိန်းရန်တာဝန်ရှိသည်။

၂။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၄။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရန် တာဝန်ရှိသည်။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။

၇။ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်

တို့ပင်ဖြစ်ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်ထဲတွင် ပါရှိသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ မူလအခွင့်အရေးများကို ရယူခံစားခွင့်ပေးထားသကဲ့သို့ အခွင့်အရေးနှင့် ဒွန်တွဲနေသည့်တာဝန်ကိုလည်း နိုင်ငံသားတိုင်းက ကျေပွန်အောင် ထမ်းဆောင်ကြရန် အထူးလိုအပ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးမှာ နိုင်ငံသားများကသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်သူများဖြစ်သည့်အတွက် နိုင်ငံသားများ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို သိရှိနားလည်စွာနှင့် ဆောင်ရွက်နိုင်ကြရန်လည်း အရေးကြီးပါကြောင်း။

ထို့ကြောင့် နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိကြောင်း၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်းစည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းစေရေးအတွက် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် လိုအပ်သည့်အခါ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်များလည်း ရှိကြောင်း ဖော်ပြပါရှိပါကြောင်း၊ ထို့ပြင် နိုင်ငံသားများအနေဖြင့် ဥပဒေအရ သတ်မှတ်ထားသည့် အခွန်အကောက်များကို ကျေပွန်စွာပေးဆောင်ရမည့် တာဝန်များလည်းရှိကြောင်း ပြည့်စုံစွာ ဖော်ပြပါသည့်အတွက် အထူးပင် လျော်ကန်သင့်မြတ်မှုရှိကြောင်း တင်ပြအပ်ပါကြောင်း။

'နိုင်ငံတော်'ဆိုသည့် စကားရပ်နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အောက်ပါအတိုင်း တင်ပြထားပါကြောင်း။

"ဤအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်"ဟု ဖြစ်ပါကြောင်း ယင်းအဓိပ္ပာယ် ဖွင့်ဆိုချက်သည်လည်း ရှင်းလင်းတိကျပြည့်စုံလုံလောက်မှု ရှိသည့်အတွက် လျော်ကန်သင့်မြတ်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း"အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်တွင် နိုင်ငံသားဖြစ်ရန် လိုအပ်သည့် အရည်အချင်းများ၊ ဥပဒေအရာတွင် တန်းတူညီမျှမှု၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စည်းရုံးဟောပြောခွင့်၊ နိုင်ငံတော်အတွင်း အခြေစိုက်နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ နေအိမ်ဥပစာလုံခြုံမှုရရှိခွင့်၊ အဓမ္မစေခိုင်းခြင်းမှ ကင်းလွတ်ခွင့်၊ မိမိယုံကြည် နှစ်သက်သည့် ဘာသာ သာသနာကို လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်ခွင့်၊ မိမိနှစ်သက်မြတ်နိုးသော စာပေ၊ ပညာနှင့် ယဉ်ကျေးမှုစသည်တို့ကို လွတ်လပ်စွာ ဖော်ထုတ်ဆောင်ရွက်ခွင့်၊ ဥပဒေပြုလွှတ်တော်များတွင် ရွေးကောက် တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ တာဝန်မှ ပြန်လည်ရုပ်သိမ်း ခွင့်၊ နိုင်ငံတော်က ခွင့်ပြုသော စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်၊ ပြစ်မှုများတွင် ဥပဒေသတ်မှတ်ချက်များနှင့်အညီသာ ချုပ်နှောင်စစ်ဆေးစီရင်ပိုင်ခွင့်၊ မိမိဆုံးရှုံးနစ်နာသည့် အခွင့်အရေးများ အကာအကွယ်ရယူပိုင်ခွင့်တို့ကို ဖော်ပြထားသည့်အပြင် နိုင်ငံသားများသည် နိုင်ငံတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးတို့အတွက် နိုင်ငံသားများ၏ တာဝန်များကိုပါ ဟာကွက်ပျော့ကွက်မရှိ ဘက်စုံထောင့်စုံမှပါဝင်အောင် ထည့်သွင်းဖော်ပြထားသည့်အတွက် အားလုံးလျော်ကန်သင့်မြတ်မှု ရှိပါကြောင်းနှင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

အချုပ်ပို (ဂ) မှ

ပြည်သူများ၏ ပြည်တွင်း စွမ်းအားစုများအပေါ်အခြေတည်ကာ တပ်မတော်ကို မဏ္ဍိုင်ပြု၍ အရန်ကာကွယ်ရေး အင်အားစုများဖြင့် ပေါင်းစပ်ပြီး နိုင်ငံတော်ကာကွယ်ရေးကို တတ်နိုင်သမျှ ပြည်ပ အမှီအခိုကင်းစွာ ကြိုးပမ်းတည်ဆောက်သွားရမှာပင် ဖြစ်ပါကြောင်း။ ထို့ကြောင့် နိုင်ငံတော်အတွင်းရှိလက်နက်ကိုင်အဖွဲ့အစည်းများကို ကွပ်ကဲမှုနှင့်စပ်လျဉ်းပြီး **"နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှု အောက်တွင်ရှိရမည်"**ဟု အသေးစိတ် အခြေခံရမည့်မူချမှတ်ရန် သင့်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြအပ်ပါကြောင်း။

တစ်ဆက်တည်းပင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သည့် **"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲဖြစ်သည်"** ဆိုသည့် အခြေခံရမည့်မူကိုလည်း တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့်ပါကြောင်း ဆွေးနွေး အကြံပြုတင်ပြအပ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကို အဓိကတာဝန်ယူရသော ပုဂ္ဂိုလ်ဖြစ်သည့်အတွက် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် လက်နက်ကိုင် အဖွဲ့အစည်းအားလုံးကို ကွပ်ကဲရမှာဖြစ်ပါကြောင်း။ ယင်းသို့နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကြီးကို ထမ်းရွက်ရသည့် ပုဂ္ဂိုလ် ဖြစ်သည့်အလျောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် ထမ်းရွက်ရသည့် တာဝန်နှင့် လိုက်လျောညီထွေရှိရန်လိုပါကြောင်း၊ ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရေးနှင့် စပ်လျဉ်းပြီး **"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မှီငြမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်"**ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်မှာ လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်ပါကြောင်း။ နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသူတစ်ဦးလည်း ဖြစ်ပါကြောင်း။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ထမ်းဆောင်ရသည့်တာဝန်နှင့် လုပ်ငန်းသဘောသဘာဝသည် ထူးခြားပြီး နိုင်ငံတော်အတွက် အရေးပါသည့်အတွက် ဒုတိယသမ္မတအဆင့် သတ်မှတ်ထားရှိရန် တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း။

တစ်ဆက်တည်းပင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမျိုးသားညီလာခံက ချမှတ်ထားသည့်မူများအရ လွှတ်တော်အသီးသီးမှာ ပါဝင်မည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကိုလည်းကောင်း၊ ကာကွယ်ရေး၊ လုံခြုံရေး/ပြည်ထဲရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် ခန့်အပ်တာဝန်ပေးရန်လည်းကောင်း၊ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို တင်သွင်းပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးအကြီးအကဲဖြစ်ကြောင်း၊ အမျိုးသားညီလာခံက အသေးစိတ် အခြေခံရမည့်မူ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။ ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရန်အတွက် နိုင်ငံတော်သမ္မတကို တာဝန် ပေးသင့်ပါကြောင်း၊ ယင်းသို့ တာဝန်ပေးအပ်ရာတွင် နိုင်ငံတော်သမ္မတတစ်ဦးတည်း၏ သဘောဆန္ဒနှင့် အဆုံးအဖြတ်ပြုခြင်းထက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ကို ရယူပြီးမှ ခန့်အပ်တာဝန်ပေး မည်ဆိုလျှင် ပိုမိုလျော်ကန်သင့်မြတ်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ခန့်အပ်တာဝန် ပေးခြင်းနှင့်စပ်လျဉ်းပြီး **"နိုင်ငံတော် သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြု ထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်"**ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း။

တပ်မတော်သည် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်ကို ထိန်းသိမ်းနိုင်ခြင်း၊ တပ်မတော်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်စသည့်လုပ်ငန်းများကို မှန်ကန်စွာချိတ်ဆက်လည်ပတ်နိုင်ခြင်း၊ တပ်မတော်၏အား(၁၀)ပါးနှင့် ပြည့်စုံပြီး စစ်စည်းကမ်းကောင်းမွန်ခြင်းတို့ကြောင့် ဘယ်သူခွဲခွဲ ဒို့မကွဲ၊ အမြဲ စည်းလုံးသော တပ်မတော်အဖြစ် ရပ်တည်နေခြင်းဖြစ်ပါကြောင်း၊ တပ်မှူး အဆင့်ဆင့်ကလည်း မိမိကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့များကို တပ်မတော်အစဉ်အလာ(၁၂)ရပ်နှင့် ပြည့်စုံအောင် လေ့ကျင့်ပေးကြပြီး အစဉ်အလာကောင်းသော တပ်မတော်၏ အရည်အချင်းများ ပြည့်ဝသည်ထက် ပြည့်ဝအောင် ကြိုးပမ်းခဲ့ကြပါကြောင်း။

တပ်မတော်တစ်ရပ်လုံးကို ထိန်းချုပ်ထားသည့်စနစ်မှာ အမိန့်နာခံမှုစနစ်ပင် ဖြစ်ပါကြောင်း၊ တပ်မတော်ကို စတင်ဖွဲ့စည်းလေ့ကျင့်စဉ်ကပင် အမိန့်နာခံမှုသည် မလွဲမသွေလိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း၊ အမိန့်နာခံမှုကောင်း၍ လွတ်လပ်ရေးရအောင် ယူပေးနိုင်ခဲ့ပြီး လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းနိုင် ခြင်းဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းရာတွင် စစ်ဘက်တာဝန်၏သဘောသဘာဝအရ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ တပ်မတော်အနေဖြင့် မိမိတို့၏ တပ်မတော်ရေးရာကိစ္စအဝဝကို လွတ်လပ်စွာစီမံဆောင်ရွက်ပိုင်ခွင့်ရှိမှသာလျှင် တပ်မတော်က ထမ်းဆောင်ရမည့်တာဝန်များကို အချိန်နှင့်တစ်ပြေးညီ ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ တပ်မတော်က ဆောင်ရွက်ရသည့် ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကိစ္စများအနေဖြင့် များသောအားဖြင့် လျှို့ဝှက်ချက်များဖြစ်ပြီး အလျင်အမြန် ဆုံးဖြတ်၍ ပြီးစီးအောင် ဆောင်ရွက်ကြရ ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီး ဖြစ်သည့် **"တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်"**ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း။

တပ်မတော်အဖွဲ့အစည်းအနေဖြင့် လက်နက်ကိုင် အင်အားစုဖြစ်သည့်အတွက် ပြည်သူများလိုက်နာရသည့် စည်းကမ်း ဥပဒေမျှနှင့် မလုံလောက်သည့်အတွက် ထူးခြားသော အခြေအနေပြဋ္ဌာန်းချက်များပါဝင်သည့် အထူးဥပဒေတစ်ရပ်ဖြင့် စည်းကမ်းထိန်းသိမ်းရခြင်း ဖြစ်ပါကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ မဏ္ဍိုင်ဖြစ်ပါကြောင်း၊ စစ်စည်းကမ်း လိုအပ်ချက်နှင့် စစ်ဘက်လတ်တလော လိုအပ်ချက်များသည် တပ်မတော်အဖွဲ့အစည်းများ၏ ထူးခြားသော အခြေအနေများ ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတကာတွင် တပ်မတော် သားများအတွက် တပ်မတော်ဥပဒေများ သီးခြားပြဋ္ဌာန်းထားသည်ကို တွေ့ရှိရ သကဲ့သို့ အလားတူ မိမိတို့မြန်မာနိုင်ငံတွင်လည်း ၁၉၅၉ခုနှစ်က ပြဋ္ဌာန်းထားခဲ့သည့် တပ်မတော်အက်ဥပဒေအရ တပ်ပိုင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းပြီး စစ်တရားရုံးများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၉၈၊ ၉၉၌ "တရားစီရင်ရာတွင် အဖွဲ့ဖြင့်သာ စီရင်ရမည်။ ပြည်သူ့တပ်မတော်သားများ အတွက် စစ်ဘက်တရားစီရင်ရာတွင်မူ အဖွဲ့ဖြင့် ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ၊ ဥပဒေနှင့်အညီ စီရင်နိုင်သည်လို့" ပြဋ္ဌာန်းခဲ့ခြင်းကိုလည်း တွေ့ရပါကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအတွက် တရားစီရင်ရေးနှင့် စပ်လျဉ်းပြီး **"တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်"**ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်အကြီးအကဲဖြစ်ပြီး စစ်စည်းကမ်းကောင်းမွန်ရေးအတွက် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ကာ ထိန်းသိမ်းရပါကြောင်း၊ စစ်စည်းကမ်း လိုအပ်ချက်နှင့် စစ်ဘက်လတ်တလော လိုအပ်ချက်များကို အလုံးစုံသိရှိနားလည်သူမှာလည်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သာ ဖြစ်ပါကြောင်း၊ ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်သားများအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်မည့်သူသာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် စစ်ဘက်တရားစီရင်ရေးတွင် အပြီးအပြတ် အဆုံးအဖြတ်ဖြစ်ရေးနှင့် စပ်လျဉ်းပြီး **"စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်"**ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း။

တပ်မတော်သားတိုင်းသည် သစ္စာ(၄)ချက်ကို အဓိဋ္ဌာန်ပြုထားကြသည့်အတိုင်း နိုင်ငံနှင့်လူမျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသူများ ဖြစ်ပါကြောင်း၊ တပ်မတော်သားများအတွက် မသန်မစွမ်း ဖြစ်ခဲ့လျှင်သော် လည်းကောင်း၊ သေဆုံးကျဆုံးခဲ့လျှင်သော်လည်းကောင်း၊ ကျန်ရစ်သူမိသားစုများအတွက် နိုင်ငံတော်က စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံး ကျဆုံးသွားသော တပ်မတော်သားများ၏ မိသားစုများအား စောင့်ရှောက်ရေးနှင့်စပ်လျဉ်းပြီး **"မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်"**ဟု အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ် ပါကြောင်း။

ပြည်သူများ၏ အသက်အန္တရာယ်၊ နိုင်ငံ၏ လုံခြုံရေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက တပ်မတော်က ပါဝင်ဆောင်ရွက်ရကြောင်း ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၉၄နှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၇၆တို့တွင် ပြဋ္ဌာန်းထားတာ လေ့လာတွေ့ရှိရပါကြောင်း၊ ကမ္ဘာ့နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာတွင်လည်း နိုင်ငံများ၏ နယ်ပယ်များကို ကာကွယ်ရန်မှာ တပ်မတော်၏ တာဝန်ဖြစ်ကြောင်း၊ နယ်ဘက်အာဏာပိုင်များက အကူအညီတောင်းလာလျှင် တပ်မတော်က ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တည်ရှိသော အဖွဲ့များကို အကူအညီပေးခြင်း၊ ကာကွယ်ပေးခြင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းပေးခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီပေးခြင်း ပြုလုပ်နိုင်သည်ကို တွေ့ရပါကြောင်း။ လိုအပ်ပါက မိမိသဘောအလျောက် တပ်မတော်က ဖော်ပြပါ ကိစ္စရပ်များအတွက် ဆောင်ရွက်နိုင်သည်ဟုလည်းကောင်း၊ တပ်မတော်သည် ပြည်သူများမှပေါက်ဖွားလာ၍ ပြည်သူများ၏ လုံခြုံမှုလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ပြည်သူကို အလုပ်အကျွေးပြုရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်ဟု လည်းကောင်း ပြဋ္ဌာန်းထားကြသည်ကို လေ့လာတွေ့ရှိရခြင်းဖြစ်သည့်အတွက် နိုင်ငံတော်တွင် ဘေးအန္တရာယ်ကျရောက်လာပါက ကူညီဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး **"နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်"** ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မည့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားသည့် အချက် (၁၄)ချက်အား အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**